ရှေ့မှီ The Mirror

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်၊ သောကြာနေ့ (8-7-2011) (၆၈၁၄)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ မကြာမီ ချစ်ကြည်ရေးခရီးလာရောက်မည်

နေပြည်တော် ဇူလိုင် ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း တရားဝင် ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အထူးအထွက်တိုး မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေး

နေပြည်တော် ဇူလိုင် ၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်း(၈)ရပ်အနက် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးအရ တွက်ခြေကိုက်မည့် အထူးအထွက်တိုး မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန်၊ စိုက်ပျိုးသီးနှံအလိုက် အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးအတွက် ခေတ်မီ သိပ္ပံနည်းကျ စိုက်နည်းစနစ် (Good Agriculture Practice)ကို အသုံးပြုနိုင်ရန်၊ အရည်အသွေးကောင်းမွန်သော အထူးအထွက်တိုး မျိုးစေ့များကို စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန်တို့အတွက် သုတေသနလုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာန၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို လေ့လာမည့် မွန်ပြည်နယ် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဝင်းလှိုင် ခေါင်းဆောင်သော မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ စိုက်ပျိုးရေး ဝန်ထမ်းများ၊ စပါးစိုက်တောင်သူများနှင့် ကြံစိုက်တောင်သူများ စုစုပေါင်း ၄၆ ဦး ပါဝင်သော စိုက်ပျိုးမွေးမြူရေး တိုင်းရင်းသား လေ့လာရေးအဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် မွန်ပြည်နယ် စိုက်ပျိုးမွေးမြူရေး တိုင်းရင်းသားလေ့လာရေးအဖွဲ့အား တစ်ဧက စပါးတင်း ၂၀၀ အထက် ထွက်ရှိမည့် သိပ္ပံနည်းကျ အထူးအထွက်တိုးစပါးမျိုးစိုက်ခင်း၌ ရှင်းလင်းပြသစဉ်။(အပေါ်ပုံ)

(သတင်းစဉ်)

စိုက်ပျိုးရေးနှင့် မွေးမြူရေး ပေါင်းစည်းလယ်ယာ ဧက ၅၀ စိုက်ကွင်း ရှင်းလင်းဆောင်၌ တွေ့ဆုံ၍ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်

ယနေ့ ရှေ့မှီ သတင်းအညွှန်း

ကိုရီးယားသမ္မတနိုင်ငံမှ မီဒီယာအဖွဲ့ ပြန်ကြားရေးကဏ္ဍဆိုင်ရာများ အမြင်ချင်းဖလှယ် (သတင်း)စာမျက်နှာ-၅

ဟိုတယ်ဘာသာရပ်ဆိုင်ရာ သင်တန်းလေးမျိုး ပုဂံမြို့၌ ဖွင့်လှစ်မည် (သတင်း)စာမျက်နှာ-၈

အသံမြန်နှုန်းထက်ကျော်လွန်သော လေယာဉ်ကြောင့် ကိုင်ရိုမြို့သားများ စိတ်ချောက်ချားခဲ့ (သတင်း)စာမျက်နှာ-၄

အမျိုးသမီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဘရာဇီးနှင့် ဆွီဒင်တို့ ကွာတားဖိုင်နယ်တက် (သတင်း)စာမျက်နှာ-၁၀

တစ်ဧက တင်း ၂၀၀ ကျော်မည့် အထွက်တိုးစပ်မျိုးစပါး လားရှိုးမြို့၌ စိုက်ပျိုး

လားရှိုး ဇူလိုင် ၇

မိမိတို့နိုင်ငံသည် ဆန်စပါး အဓိကစိုက်ပျိုးသော နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေး ထွက်ကုန်များ တိုးတက်ထုတ်လုပ် ထွက်ရှိရေးအတွက် နည်းမျိုးစုံအားထုတ်ရမည်ဖြစ်သည်။ ရှိနိုင်သမျှ လယ်ယာမြေတိုးချဲ့ရုံမျှမက ဆည်ရေသောက်မြေယာများတွင် နွေစပါး၊ မိုးစပါး၊ တစ်နှစ်နှစ်သီး စိုက်ပျိုးနိုင်ရန် အားထုတ်ကြရသည်။ ထိုမှ ယခုအခါ သိပ္ပံနည်းကျ ပျိုးပေါင်စိုက်နည်းစနစ်ဖြင့် တစ်ဧက စပါးအထွက်နှုန်းတိုးမြင့်လာရေး **စာမျက်နှာ ၃ ကော်လံ ၃ သို့**

အောင်မြင်ဖြစ်ထွန်းနေသော ဒေါ်ရန်ကျောင်း၏ စပါးခင်း။

ကြေးမုံ The Mirror

၈-၇-၂၀၁၁
(သောကြာနေ့)

ကျန်းမာရေးစောင့်ရှောက်မှုတွင် စေတနာဖြင့်ပါဝင်

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံကိုတည်ဆောက်ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အဓိကကျသည်။ စိုက်ပျိုးရေးကို အခြေခံနေရသည့် မြန်မာနိုင်ငံအဖို့ လယ်ယာကဏ္ဍသည် နိုင်ငံစီပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အချိုးအစားကြီးမားစွာ ပါဝင်နေဆဲဖြစ်သည်။ ထို့အတူ နိုင်ငံလူဦးရေအများစုဖြစ်သည့် ကျေးလက်နေပြည်သူလူထုသည်လည်း လယ်ယာလုပ်ငန်းများတွင်လုပ်ကိုင်နေကြသော အဓိက ကုန်ထုတ်စွမ်းအားစုကြီး ဖြစ်သည်။

ယခုအခါနိုင်ငံတော်အစိုးရက အဓိကကုန်ထုတ်စွမ်းအားစုကြီးဖြစ်သည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးကို အလေးထားဖော်ဆောင်နေပြီ။ ကျေးလက်ဒေသ ကုန်ထုတ်လုပ်မှုတိုးတက်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းရွက်ဆောင်လျက်ရှိသည်။ လယ်ယာ၊ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ပြည်သူများဝင်ငွေတိုးတက်ရရှိရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များပါဝင်သည်။

ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများပြုလုပ်နေပြီ။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအား ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရောဂါကာကွယ်ကုသရေးလုပ်ငန်းများဖြင့် ပါဝင်ကူညီပံ့ပိုးသွားကြမည်ဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံကိန်းအရ မြန်မာနိုင်ငံရှိ ကျေးရွာပေါင်းခြောက်သောင်းကျော်ကို ပဏာမကျန်းမာရေးစောင့်ရှောက်မှု ပေးသွားမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းများအတွက် လိုအပ်သောကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို ဖန်တီးဖြည့်ဆည်းပေးသွားရပေမည်။ ကျေးရွာအဆင့်နှင့်ညီမျှသော ကျန်းမာရေးဝန်ထမ်း၊ ကျန်းမာရေးလုပ်သားများ၊ သားဖွားဆရာမများ၊ အရန်သားဖွားဆရာမများ မွေးထုတ်ပေးကြရမည်ဖြစ်သည်။

ဆေးသိပ္ပံပညာလက်အောက်၌ ဖွင့်လှစ်ထားသည့်တက္ကသိုလ်များ၊ သူနာပြုသားဖွားသင်တန်းကျောင်းများအနေဖြင့်လည်း အရည်အသွေးမြင့်မားသော ဆရာဝန်၊ သူနာပြုနှင့် သားဖွားဆရာမများ မွေးထုတ်ပေးနိုင်ရေး အားထုတ်ကြရပေမည်။ အရေအတွက်နှင့်အရည်အချင်း သဟဇာတဖြစ်ရေး စနစ်တကျဖော်ဆောင်သွားကြရမည်ဖြစ်သည်။

ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များကို လက်တွေ့ကျကျ ဖော်ဆောင်နိုင်ရေး ကြိုးပမ်းနေကြပြီ။ ကျန်းမာရေးကဏ္ဍမှ ဆရာဝန်၊ ဆရာမများမှသည် ကျန်းမာရေးလုပ်သားများအထိ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဆေးဝါးကုသမှုခံယူသူ ပြည်သူလူထုကို တာဝန်ပိုင်းအရသာမက စေတနာ မေတ္တာအပြည့်အဝဖြင့် ပြုစုကုသမှုပေးနိုင်ရေး ကြိုးပမ်းစွမ်းဆောင်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

ဇူလိုင် ၅ ရက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်မာလာ (Nat Ray Co., Ltd.)က မွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် ငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံကြီး)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၇-၇-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၃၄၄၈	၀. ၀၃၂၉၅
တရုတ် (ယွမ်)	၆. ၄၆၃၅၀	၀. ၁၅၄၇၁
အိန္ဒိယ (ရူပီး)	၄၄. ၄၃၀၀	၀. ၀၂၂၅၁
မလေးရှား (ရင်းဂစ်)	၃. ၀၀၈၀၀	၀. ၃၃၂၄၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၂၄၄၇	၀. ၈၁၆၆၈
ဂျပန် (ယန်း)	၈၁. ၃၀၅၈	၀. ၀၁၂၃၀
တောင်ကိုရီးယား(ဝမ်)	၁၀၆၄. ၁၄	၀. ၀၀၀၉၄
ယူရို	၀. ၆၉၉၈၈	၁. ၄၂၈၈၂
ဗြိတိသျှ (ပေါင်)	၀. ၆၂၅၉၃	၁. ၅၉၇၆၂

အင်တာနက်။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရခိုင်ပြည်နယ် ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၇

ရခိုင်ပြည်နယ် ၂၀၁၁ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက် နံနက် ၈ နာရီတွင် စစ်တွေတက္ကသိုလ်ပရဝဏ်၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် တက်ရောက်၍ ပျိုးပင်များကို ဖြန့်ဝေပေးသည်။ ထို့နောက် ပြည်နယ်သစ်တောနှင့်သတ္တုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သန်းတင်က ပျိုးပင်များကို ဖြန့်ဝေပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်(**ဝဲပုံ**)နှင့် ဇနီးတို့က ကုံကော်ပင်ကို စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသူများက စိန်ပန်း၊ ကုံကော်၊ မဟော်ဂနီ၊ ပျဉ်းကတိုး၊ ရင်းမာ၊ ခရေ၊ ပုန်းညက်စသည့် အရိပ်ရလေကာပင် ၂၀၀၀ ကို စုပေါင်းစိုက်ပျိုးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် စစ်တွေမြို့ ကန်တော်ကြီးရပ်ကွက်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနခွဲမျိုးသန့်ခြံသို့ ရောက်ရှိကာ သိပ္ပံနည်းကျစပါးစိုက်ပျိုးနည်း(၁၄)ချက်နှင့် ပျိုးထောင်ထားရှိမှု၊ စိုက်ခင်း ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ရေဝတီတံတား(ပခုက္ကူ) တည်ဆောက်ခြင်းလုပ်ငန်းများ ဆောက်လုပ်ရေးဒုတိယဝန်ကြီး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင် (အောက်ပုံ) **သည် ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် ရေဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးလုပ်ငန်းခွင် လက်ပံခြေပေါ်ဘက်ကမ်းရှိ တံတားတိုင် RP_1 မှ RP_{10} အထိ သံပေါင်တပ်ဆင်ပြီးစီးမှု၊ ကွန်ကရစ်ကြမ်းခင်းပြားများ ခင်းကျင်းထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ပခုက္ကူဘက်ကမ်း၌ တံတားတိုင် RP_{21} မှ RP_{26} အထိ သံပေါင်များတပ်ဆင်ပြီးစီးမှု၊ ပခုက္ကူဘက်ကမ်း၌ Yangon Crown ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသော ချဉ်းကပ်လမ်း တည်ဆောက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယခုအခါ ရေဝတီတံတား(ပခုက္ကူ)၏ ပင်မတံတားသံပေါင်တပ်ဆင်ခြင်းလုပ်ငန်းမှာ တံတားတစ်စင်းလုံး၏ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပခုက္ကူခရိုင် အင်ဂျင်နီယာမှူးရုံး၌ မကွေးတိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးနှင့် ပခုက္ကူခရိုင်မှ ဝန်ထမ်းများအား တွေ့ဆုံသည်။

ယင်းနောက် ပုဂံ- စဥ့်ကူး- ချောက်- မကွေးလမ်းမှတစ်ဆင့် ချောက်တံတားအနီးရှိ လေယာဉ်ကွင်း အထူးအဖွဲ့ (၅) ဒုတိယအင်ဂျင်နီယာမှူးကြီး (မြို့ပြ)ရုံးသို့ ရောက်ရှိပြီး B.O.T လမ်းပိုင်းအတွက် ဆောင်ရွက်နေသော နှင်းသဇင်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နေပြည်တော် - တောင်ညို - မြို့သစ်- ကံပြား-မကွေးလမ်း မိုင်တိုင်အမှတ် (၅၁/၅)အနီးရှိ ယောချောင်းတံတားသို့ ရောက်ရှိပြီး မိုးတွင်းကာလ ချဉ်းကပ်လမ်း ရေတိုက်စားမှုကြောင့် ပျက်စီးမှုများ ပြုပြင်ဆောင်ရွက်ထားရှိမှုနှင့် မိုင်တိုင်အမှတ် (၄၆/၃)နှင့် (၄၆/၂)အကြား၌ စွန်ချောင်းတံတား ချဉ်းကပ်လမ်းများ ရေတိုက်စားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၂၄) ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ဇွန် ၄ ရက်က မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပစဉ်။

(၄၆၉)

တီဘီရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ပညာပေးဟောပြော

ဆားလင်းကြီး ဇူလိုင် ၇

ဆားလင်းကြီးမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ဇွန် ၁၅ ရက် နံနက်ပိုင်းက ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသာခန်းမ၌ ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနှင့် အာဆီယံသွေးလွန်တုပ်ကွေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပရာ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမိအိအောင်တို့က တီဘီရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်း ပညာပေးဟောပြောကြသည်။

ယင်းနောက် အမှတ်(၁)ရပ်ကွက် ချမ်းသာရပ်/ညောင်ဂျပ်ပင်ရပ်ရှိ အိမ်ခြေ ၄၁ လုံး တို့အား တစ်အိမ်တက်ဆင်း ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများအား ဆောင်ရွက်ခြင်း၊ ပိုးလောက်လမ်းကာကွယ်ရေး၊ ဆေးခတ်ခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ယင်လုံအိမ်သာ ၃၉ လုံးအား စနစ်တကျ သုံးစွဲရေး အသိပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ဝါးခယ်မ ဇူလိုင် ၇

ဝါးခယ်မမြို့ ပတ္တမြားရပ်ကွက်တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ဇွန် ၂၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ရေမြောင်းတူးဖော်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်မျိုးအောင်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ (မြို့နယ်စည်ပင်)

ရေကြည်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် ဇူလိုင် ၇

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)၏ (၃၂)ကြိမ်မြောက်နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ စုပေါင်းလှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၁၀ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် (၂၁/၄၃) စီရှိ ရေဝတီတိုင်းဒေသကြီးဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို အသင်းဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးမောင်မောင်အေး ဖုန်း-၅၅၉၅၃၆၊ ဦးဌေးနိုင်ဝင်း ဖုန်း-၀၉-၅၀၆၂၆၆၆၊ အတွင်းရေးမှူး ဦးလှဝင်း ဖုန်း-၂၁၁၀၁၀၊ ၀၉-၅၁၈၉၄၅၈ နှင့် ဘဏ္ဍာရေးမှူး ဦးကြည်ဝင်း ဖုန်း-၀၉-၇၃၀၀၂၀၆၂ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။ (ကြေးမုံ)

❑ရှေ့ဖုံးမှ

စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပါဝင်ဆောင်ရွက်လျက်ရှိသည့် ကဏ္ဍများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့အပြင် စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်မြင့်မားရေးအတွက် အခြေခံလိုအပ်ချက် (၅)ချက်ဖြစ်သည့် အထူးအထွက်တိုး မျိုးကောင်းမျိုးသန့်များ ပြောင်းလဲအသုံးပြုရန်၊ ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ် (Good Agriculture Practice) အား အသုံးပြုရန်၊ သွင်းအားစု၊ စိုက်ပျိုးရေ အပါအဝင် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများ၊ ပိုးမွှားရောဂါကာကွယ်ဆေးများကို အချိန်ကိုက်၊ အချိုးကျ ထိရောက်မှန်ကန်စွာ သုံးစွဲရန်၊ မျိုးစေ့ရွေးချယ်အသုံးပြု ပျိုးထောင်ချိန်မှစပြီး ရိတ်သိမ်းချိန်အထိ အလေအလွင့်ဆုံးရှုံးမှုနည်းအောင် ဆောင်ရွက်ရန်၊ ထွက်ရှိလာသည့် သီးနှံများကို အရည်အသွေးပြည့်မီရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်ချောအဆင့်အထိ ထုတ်လုပ်ပြီး ဈေးကွက်သို့ ဈေးကောင်းရအောင် တွက်ခြေကိုက်သည့် ဈေးနှုန်းမြင့်ဈေးကွက်ခိုင်မာအောင် ဆောင်ရွက်ရန်ဟူသည့် နည်းလမ်းများကို လက်တွေ့ကျကျ ထိထိရောက်ရောက် ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များနှင့် ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်တို့ကို အပြည့်အဝ ပံ့ပိုးကူညီသွားမည့် အစီအစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နေပြည်တော် ကောင်စီနယ်မြေအတွင်း လေ့လာတွေ့ရှိ မှတ်သားခဲ့ရသည့်အချက်များကို မိမိတို့နယ်မြေဒေသ ကျေးရွာအသီးသီးသို့ ပြန်လည်ရောက်ရှိချိန်တွင် ဒေသ၏ အခြေအနေနှင့် ကိုက်ညီစွာ လက်တွေ့ပြန်လည် အသုံးချခြင်းအားဖြင့် ကျေးရွာအသီးသီး၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလုပ်ဆောင်သွားကြရန်နှင့် ကျေးလက်မှ တစ်နိုင်ငံလုံးအထိ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် တက်ညီလက်ညီ လုပ်ဆောင်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးအုန်းသန်းနှင့် ဦးခင်ဇော်တို့နှင့် အတူ မွန်ပြည်နယ် တိုင်းရင်းသား လေ့လာရေးအဖွဲ့အား တစ်ဧကေ တန် ၆၀ အထက် ထွက်ရှိမည့် ကြံစိုက်ခင်း၊ တစ်ဧက စပါးတင်း ၂၀၀ အထက် ထွက်ရှိမည့် သိပ္ပံနည်းကျ အထူးအထွက်တိုးစပါးမျိုး စိုက်ခင်းနှင့် စက်မှုလယ်ယာဦးစီးဌာနက ထုတ်လုပ်ခင်းကျင်းပြသထားသည့် ထွန်စက်များ၊ ကောက်စိုက်စက်၊ ရိတ်သိမ်းစက်နှင့် ခြွေလှေ့စက်များကို လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် တစ်ဧက တန် ၆၀ ထွက်ရှိမည့် တစ်ဆက်တစ်စပ်တည်း ကြံစိုက်ခင်း ၅ ဧကသို့ ရောက်ရှိရာ ဒုတိယဝန်ကြီးများနှင့် ကြံလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းမြင့်တို့က သိပ္ပံနည်းကျ စိုက်စနစ်ဖြင့် စိုက်ပျိုးထားမှုကို အသေးစိတ်ရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် မွန်ပြည်နယ် တိုင်းရင်းသားလေ့လာရေးအဖွဲ့သည် နေပြည်တော် တပ်ကုန်းမြို့ရှိ စိုက်ပျိုးရေး သုတေသနခြံသို့ ရောက်ရှိပြီး တစ်ဧကလျှင် တင်း ၅၀ ထွက်ရှိ၍ ဆီပိဿာ ၂၀၀ ကျော် ထွက်ရှိနိုင်သည့် ရေဆင်းစပ်မျိုး နေကြာတစ်မျိုးရရှိရေးအတွက် မျိုးစပ်ထုတ်လုပ်နေမှု စိုက်ခင်းကိုလည်းကောင်း၊ တစ်ကြိမ်တည်း ရိတ်သိမ်းနိုင်ပြီး ပိုးမွှားရောဂါဒဏ်ခံနိုင်သည့် ပဲတီစိမ်း ရေဆင်း ၁၁ မျိုးများ မျိုးသန့်ပွားနေသည့် စိုက်ခင်းနှင့် ရေဆင်း ၁၁ ပဲတီစိမ်းမျိုး၏ ဖြစ်ထွန်းအောင်မြင်မှုကိုလည်းကောင်း၊ တစ်ဧကလျှင် တင်း ၁၂၀ အထက် ထွက်ရှိမည့် စပ်မျိုးပြောင်းများ မျိုးစပ်ပွားများနေသည့် စိုက်ခင်းကိုလည်းကောင်း စိတ်ဝင်တစားကြည့်ရှု၍ သိရှိလိုသည်များကို မေးမြန်းကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ညနေ ၅ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနရုံး ပရဝဏ်အတွင်း၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် တက်ရောက်၍ စိန်တလုံးသရက်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးများက စိန်တလုံးသရက်ပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီးများနှင့်အတူ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ၏ စိန်တလုံး၊ သရက်၊ ပိန္နဲ၊ ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီနှင့် တမာပင် စုစုပေါင်း အပင် ၄၅၀ အား စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ၂၀၀၆ ခုနှစ်မှ စ၍ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပလာခဲ့ရာ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိ သီးပင်စားပင်များ၊ နှစ်ရှည်ပင်များနှင့် အရိပ်ရလေကာပင်များ စုစုပေါင်း အပင် ၄၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်သည်။

(သတင်းစဉ်)

မွန်ပြည်နယ် စိုက်ပျိုးမွေးမြူရေး တိုင်းရင်းသား လေ့လာရေးအဖွဲ့ နေပြည်တော် တပ်ကုန်းမြို့ရှိ စိုက်ပျိုးရေး သုတေသနခြံ၌ ရေဆင်းစပ်မျိုး နေကြာ (၁)မျိုး ရရှိရေးအတွက် မျိုးစပ်ထုတ်လုပ်နေမှု စိုက်ခင်းတွင် ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားသော ကျောင်းများမှ ဆရာ၊ ဆရာမများအား ဂုဏ်ပြုပွဲကျင်းပ

ကော့ကရိတ် ဇူလိုင် ၇

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားသော ကျောင်းများမှ ဆရာ၊ ဆရာမများအား ဂုဏ်ပြုပွဲအခမ်းအနားကို ကော့ကရိတ်မြို့ အထက(၁) သီရိရတနာခန်းမ၌ ဇွန် ၂၁ ရက်တွင် ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးရွှေသိန်းက ဂုဏ်ပြုပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးဇနီး၊ ခရိုင်ရဲမှူးတို့က အောင်ချက်ကောင်းသော ကျောင်းများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်း၊ အကောက်ခွန်ဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က ဘာသာရပ်အလိုက် သင်ကြားပေးသော ဆရာ၊ ဆရာမများကို ဂုဏ်ပြုဆုများပေးအပ်ပြီး အထက(၁)ကျောင်းအုပ်ကြီး ဦးစောရွှေကြည်က ဂုဏ်ပြုဆုရ ဆရာ၊ ဆရာမများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

◆**တစ်ဧကမှ**

နည်းလမ်းကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံနှင့်အဝန်း စပါးတစ်ဧက တင်း ၁၀၀ အထက် ထွက်ရှိရန် ပန်းတိုင်သတ်မှတ်လုပ်ဆောင်နေစဉ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ ဆင်ခြေဖုံးဒေသ ဟူးမွန်ကျေးရွာနေ တောင်သူ ဒေါ်ရန်ကျောင်းက ၎င်း စိုက်ပျိုးထားသော ကန်ယူ-၂၆ စပ်မျိုးအထွက်တိုးစပါးသည် တစ်ဧက တင်း ၂၂၀ ထွက်မည်ဟု ပြောကြားခဲ့သည်။

တောင်သူ ဒေါ်ရန်ကျောင်းသည် စိုက်ပျိုးရေးထူးချွန်ဆုကို ၂၀၀၇-၂၀၀၈ ခုနှစ်က တစ်နှစ်သုံးသီးစိုက်စနစ်၊ စိုက်ပျိုးထုတ်လုပ်မှုတွင် ပြည်နယ်အဆင့် ပထမဆု ရရှိခဲ့သူဖြစ်သည်။ ၎င်း၏ စိုက်ဧက ၃ ဒသမ ၅၀ ဧကတွင် တစ်နှစ်အတွင်း သုံးသီးစိုက်ပျိုးစနစ် ဆောင်ရွက်ခဲ့ရာ အမြတ်ငွေပမာဏ ၈၃ သိန်းကျော် ရရှိခဲ့သဖြင့် ယင်းဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ယခုနှစ်တွင်လည်း အထွက်တိုးစပ်မျိုးစပါး ကန်ယူ-၂၆ ကို တန်းကြား-ခြောက်လက်မ၊ ပင်ကြား-ခြောက်လက်မ၊၁၀ တန်းတစ်တန်းလှပ်စိုက်စနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၃ ရက်က ပျိုးထောင်ခဲ့ပြီး ဖေဖော်ဝါရီ ၂၂ ရက်က စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ မျိုးစေ့အလေအလွင့်နည်းပါးစေရန်နှင့် ပျိုးပင်ဘဝတွင် ကြီးထွားမှုအားကောင်းစေရန် သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်ခဲ့ခြင်းဖြစ်ပြီး တစ်ဧက တင်း ၂၀၀ ကျော်ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

(၅၃၃)

မုတ်သုံလေအားနည်းနေမည်

နေပြည်တော် ဇူလိုင် ၇

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၂	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၂	ကယားပြည်နယ်	၃၀	၂၂	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၃	ကရင်ပြည်နယ်	၃၂	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၄	ချင်းပြည်နယ်	၂၅	၁၃	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၃	၂၆	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၇	၂၆	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၃၃	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၁	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၅	၂၇	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၆	၂၈	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၁	မွန်ပြည်နယ်	၃၃	၂၅	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၂	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၀	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၅	၁၈	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၁	၂၁	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၂	၂၄	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၂	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၄	၂၅	နေရာကွက်ကျားမိုးထစ်ချုန်း	၆၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၂	၂၄	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၆	၂၈	နေရာကွက်ကျားမိုးထစ်ချုန်း	၆၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဖားကန့်မြို့တွင် ၄ ဒသမ ၁၃ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၃၈ လက်မ၊ သိမ်ဇရပ်မြို့တွင် ၃ ဒသမ ဝ၃ လက်မ၊ ဘီးလင်းမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၆၈ လက်မနှင့် မအူပင်မြို့တွင် ၂ ဒသမ ၆၀ လက်မတို့ ဖြစ်ကြသည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မုတ်သုံလေအားနည်းနေမည်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၈-၇-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၅ ၁။ နိုင်ငံတော်သီချင်း
၇း၁၀ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၃း၂၂ ၁။ နိုင်ငံတော်သီချင်း
၃း၂၅ ၂။ အဖွင့်သီချင်း
၃း၃၀ ၃။ 2011 FIFA WOMEN'S WORLD CUP (GERMANY) -North Korea Vs Colombia (Dealay)
၅း၃၀ ၄။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေအောက်ကမ္ဘာကသက်ရှိသတ္တဝါများ (အပိုင်း-၁၈)
၆း၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၆။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၇။ "ရွှာ"ဟာသဇာတ်လမ်းတွဲ
၆း၄၅ ၈။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၃၉)**
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၁၁။ အမျိုးသားရေးတေးကဗျာ
၁၂။ ဒို့တာဝန်အရေး(၃)ပါး
၁၃။ နိုင်ငံတကာသတင်း
၁၄။ မိုးလေဝသသတင်း
၁၅။ စိုက်ပျိုးသုတ
၁၆။ သံစဉ်များနှင့်ကမ္ဘာ
၁၇။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ် အိပ်မက်လေးရယ် (အပိုင်း-၁၈)**
၂၀။ ကမ္ဘာ့တစ်ခွင်ခရီးစဉ်

နိုင်ငံတကာသတင်းများ

မိုးခေါင်ရေရှားဒဏ်သင့် ဆိုမာလီပြည်သူများအား ကူညီရေးအတွက် ပရဟိတအဖွဲ့ အစည်းများအား အယ်လ်ရှာဘတ် ပြည်ဝင်ခွင့်ပေး

မိုဂါဒစ်ရှူး ဇူလိုင် ၇

အာဖရိကဦးချိုဒေသ၌ နှစ်ပေါင်း ၆၀ အတွင်း အဆိုးရွားဆုံး မိုးခေါင်ရေရှား ကပ်ဘေးဖြစ်ပွားနေခြင်းကြောင့် အငတ်ဘေးဆိုက်မည့်အရေးနှင့် ရင်ဆိုင်နေရသော ဆိုမာလီနိုင်ငံသားများကို ကူညီနိုင်ရေးအတွက် ဆိုမာလီ အယ်လ်ရှာဘတ် သူပုန်များက လူမှုဒုက္ခကူညီရေး အေဂျင်စီများအား ပြည်ဝင်ခွင့် ပြန်လည်ပေးခဲ့ကြောင်း ဇူလိုင် ၆ ရက် သတင်းများတွင် ဖော်ပြသည်။

မိုးခေါင်ရေရှား ကပ်ဘေးကြောင့် ဆိုမာလီနိုင်ငံသည် ငတ်မွတ်မှုဘေးနှင့် ရင်ဆိုင်ရမည့် အကြီးအခြေအနေများနှင့် ရင်ဆိုင်နေရပြီး နေ့စဉ်နိုင်ငံသား ၁၀၀၀ ကျော်တို့သည် နယ်စပ်ဖြတ်၍ အိမ်နီးချင်း ကင်ညာနိုင်ငံနှင့် အီသီယိုပီးယားနိုင်ငံများကို ဝင်ရောက်လျက်ရှိကြောင်း ကုလသမဂ္ဂ၏ အဆိုအရ သိရသည်။**(အောက်ပုံ)**

အယ်လ်ရှာဘတ်အဖွဲ့ ထိန်းချုပ်ထားသော နယ်မြေအတွင်းရှိ မိုးခေါင်ရေရှား ကပ်ဘေးကြုံနေရသော ဆိုမာလီနိုင်ငံသားများကို ကူညီရန် ပရဟိတအဖွဲ့ အစည်းများအား လူမျိုးဘာသာမရွေး မိမိတို့ လက်ခံကြိုဆိုမည်ဖြစ်ကြောင်း အယ်လ်ရှာ ဘတ်အဖွဲ့ပြောရေးဆိုခွင့်ရှိသူက ဇူလိုင် ၅ ရက်က ပြောကြားခဲ့သည်။

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီသက်သက်ကိုသာ ပေးအပ်မည့် ရည်ရွယ်ချက်ရှိသော မည်သည့်ပရဟိတ အဖွဲ့အစည်းမဆို မိမိတို့ ထိန်းချုပ်ထားသောနယ်မြေ၌ လွတ်လပ်စွာ လုပ်ငန်းဆောင်ရွက်နိုင်ကြောင်း အယ်လ်ရှာဘတ်အုပ်စုက ဆိုသည်။

မိုးခေါင်ရေရှားဒဏ်ကို အဆိုးရွားဆုံး ခံစားနေရသော ဒေသများရှိ ဆိုမာလီနိုင်ငံသား ၂ ဒသမ ၈ သန်းတို့မှာ အရေးပေါ်အကူအညီများ လိုအပ်လျက်ရှိသည်။

အင်တာနက်။

ရပ်စ် အာကာသယာဉ်၏ သရုပ်ဖော်ပုံ။

ကမ္ဘာပတ်လမ်းမှ အာကာသအမှိုက်များ ရှင်းလင်းမည့် အာကာသယာဉ် ရုရှားနိုင်ငံ၌ တည်ဆောက်နေ

မော်စကို ဇူလိုင် ၇

ရုရှားနိုင်ငံက တည်ဆောက်နေသော လူလိုက်ပါနိုင်မည့် အာကာသယာဉ်တစ်စင်း၌ လူသားလက်လှုပ်ရှားမှုနှင့် အလားတူ အရာဝတ္ထုများအား လှုပ်ရှားကိုင်တွယ်နိုင်မည့် အဆင့်မြင့်နည်းပညာသုံး စက်ရုပ်လက်တံများ ထည့်သွင်းတည်ဆောက်လျက်ရှိကြောင်း ဇူလိုင် ၅ ရက် သတင်းများတွင် ဖော်ပြသည်။

ဂြိုဟ်တုများပြုပြင်ထိန်းသိမ်းခြင်းနှင့် ကမ္ဘာပတ်လမ်းကြောင်းအတွင်းမှ အာကာသအမှိုက်များ ဖယ်ရှားရေးတွင် ယင်းစက်ရုပ်လက်တံများကို အသုံးပြုနိုင်မည်ဖြစ်သည်။

အင်နာဂျီယာ အာကာသကော်ပိုရေးရှင်းက တည်ဆောက်နေသော အဆိုပါ စက်ရုပ်လက်တံများပါရှိသည့် အာကာသယာဉ်ဖြင့် ဂြိုဟ်တုအစိတ်အပိုင်းများ ပြောင်းလဲတပ်ဆင်ခြင်း၊ စွမ်းအင်ဖြည့်တင်းခြင်းနှင့် ဆိုလာပြားများ ဖြုတ်ယူရေးစသော လုပ်ငန်းများကို အာကာသယာဉ်မှူးများ အာကာသအတွင်း ထွက်စရာမလိုဘဲ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

လက်ရှိတည်ဆောက်ဆဲ အဆိုပါအာကာသယာဉ်ကို တရားဝင်မဟုတ်သေးသော်လည်း ရပ်စ်(Rus)ဟု အမည်ပေးထားပြီး မြေကမ္ဘာလေ့လာရေးဂြိုဟ်တုများနှင့် ရာသီဥတု လေ့လာရေးဂြိုဟ်တုများကို ပြုပြင်ထိန်းသိမ်းရာ၌ အသုံးပြုနိုင်မည်ဖြစ်သည်။

ရပ်စ်အာကာသယာဉ်သည် ဂြိုဟ်တုပျက်များမှ ထွက်ပေါ်လာသော အာကာသအမှိုက်များကိုလည်း ကမ္ဘာပတ်လမ်းကြောင်းတစ်လျှောက် ဖယ်ရှားရှင်းလင်းပေးနိုင်လိမ့်မည်ဖြစ်သည်။

အင်တာနက်။

ဂျပန်၌ မြေငလျင်လှုပ်ခဲ့ပြီးနောက် တောင်ကိုရီးယား ပို့ကုန်မြင့်တက်

ဆိုးလ် ဇူလိုင် ၇

ဂျပန်နိုင်ငံ၌ မတ်လက မြေငလျင်လှုပ်မှုနှင့်အတူ ဆူနာမီရေလှိုင်း ရိုက်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် ပင်လယ်ရပ်ခြားနိုင်ငံများ၏ ဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်ရန် တောင်ကိုရီးယားနိုင်ငံက ပို့ကုန်များကို တိုးမြှင့်တင်ပို့နိုင်ခဲ့ကြောင်း ယွန်ဟပ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ယခုနှစ် ပထမခြောက်လတာကာလအတွင်း တောင်ကိုရီးယားနိုင်ငံ၏ စားနပ်ရိက္ခာထုတ်ကုန်တင်ပို့မှု သိသိသာသာ မြင့်တက်ခဲ့ကြောင်း တောင်ကိုရီးယား စားနပ်ရိက္ခာ၊ လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီမှ ဇွန်လကာလအတွင်း ပြည်ပနိုင်ငံများသို့ လယ်ယာစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာထုတ်ကုန်များ တင်ပို့မှု အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၄ ဘီလီယံဖိုးရှိကြောင်း၊ ယင်းမှာ လွန်ခဲ့သည့်နှစ်အလားတူ ကာလကထက် ၃၃ ဒသမ ၂ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ စက်မှုလုပ်ငန်းကဏ္ဍများ၏ ပြည်ပပို့ကုန်တင်ပို့မှုမှာလည်း သိသိသာသာမြင့်တက်ခဲ့ကြောင်း၊ မှိုကဲ့သို့သော သစ်တောထွက်ကုန်များ တင်ပို့မှု ၅၁ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

ဆင်ဟွာ။

အသံမြန်နှုန်းထက်ကျော်လွန်ခဲ့သော လေယာဉ်တစ်စင်းကြောင့် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သားများ စိတ်ချောက်ချားခဲ့

ကိုင်ရို ဇူလိုင် ၇

အသံ၏မြန်နှုန်းနီးပါး အခြေအနေမှ အသံ၏မြန်နှုန်းကို ကျော်လွန်ပျံသန်းသွားသည့် လေယာဉ်တစ်စင်းကြောင့် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော်၌ အသံလှိုင်းဆူညံပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ရာ မြို့သူ၊ မြို့သားများ စိတ်ချောက်ချားခဲ့ရကြောင်း ဇူလိုင် ၆ ရက် သတင်းများတွင် ဖော်ပြသည်။

ဂျက်လေယာဉ် ပျံသန်းမှုကြောင့် ဖြစ်ပေါ်ခဲ့ရသော အသံလှိုင်း ဆူညံပေါက်ကွဲမှုကို ကိုင်ရိုမြို့တော်သူ၊ မြို့တော်သားများက ဗုံးပေါက်ကွဲမှုအဖြစ် ထင်မြင်ယူဆခဲ့ကြပြီး အရေးပေါ်ဌာနများသို့ ဖုန်းဆက်အကြောင်းကြားခဲ့ကြောင်း သိရသည်။

အသံ၏ မြန်နှုန်းထက် မြှင့်တင်၍ လေယာဉ်ပျံသန်းရာမှ ဖြစ်ပေါ်ခဲ့ရသော အသံလှိုင်း ဆူညံပေါက်ကွဲမှုကြောင့် ကိုင်ရိုမြို့တော် နေရာအတော်များများ၌ အဆောက်အအုံများ တုန်ခါမှုဖြစ်ပေါ်ခဲ့ရကြောင်း အီဂျစ်နိုင်ငံပိုင် သတင်းဌာနက ဖော်ပြသည်။

လူဦးရေ ၁၈ သန်းမျှ နေထိုင်သော ကိုင်ရိုမြို့၌ အသံလှိုင်းဆူညံ ပေါက်ကွဲမှု ဖြစ်ခဲလှသည်။

အင်တာနက်။

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

အေဝမ်းစိုး

ဟောလီဝုဒ်ရုပ်ရှင်လောက၏ ဝင်ငွေအကောင်းဆုံး မင်းသမီး ၁၀ ဦး

၂၀၁၀ ခုနှစ် မေလမှ ၂၀၁၁ ခုနှစ် မေလအတွင်း ဟောလီဝုဒ်ရုပ်ရှင်လောက၏ ဝင်ငွေအကောင်းဆုံး မင်းသမီး ၁၀ ဦးစာရင်းကို ဖိုးဘီစ်ဝက်ဘ်ဆိုက်က ထုတ်ပြန်ကြေညာရာတွင် ကမ္ဘာကျော်မင်းသမီးချော အိန်ဂျလီနာဂျိုလီနှင့် ဆာဟာ ဂျက်စီကာပါကာ**(ယာပုံ)**တို့က အမေရိကန်ဒေါ်လာ သန်း ၃၀ စီဖြင့် ထိပ်ဆုံးမှ ရပ်တည်ခဲ့ကြောင်း ဖော်ပြထားသည်။

မင်းသမီး ဂျိုလီ၏ Salt ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းလုံး ရုံတင်ပြသခဲ့ရာ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ရရှိခဲ့ပြီး မင်းသားဂျွန်နီဒက်ပ်နှင့် တွဲဖက်သရုပ်ဆောင်ခဲ့သည့် The Tourist ဇာတ်ကားမှာ အမေရိကန်ဒေါ်လာ သန်း ၂၈၀ ရရှိခဲ့ကြောင်းနှင့် မင်းသမီး ဂျက်စီကာ၏ Sex and the City ဇာတ်ကားမှာ အမေရိကန်ဒေါ်လာ သန်း ၂၉၀ ရရှိခဲ့ကြောင်း အဆိုပါ ဝက်ဘ်ဆိုက်က ဆက်လက်ဖော်ပြသည်။

၎င်းတို့နှစ်ဦး၏နောက်တွင် Just Go With it ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ မင်းသမီး ဂျနီဖာအန်နစ်စတန်နှင့် Water For Elephants ဇာတ်ကားမှ မင်းသမီးရိစ်ဝစ်သာစပွန်းတို့က အမေရိကန်ဒေါ်လာ ၂၈ သန်းစီဖြင့် ရပ်တည်လျက် ရှိကြသည်။

၎င်းတို့နှစ်ဦး၏ နောက်တွင် နာမည်ကျော် ဟောလီဝုဒ်မင်းသမီးချော ဂျူလီယာရောဘတ်နှင့် ခရစ္စတင်းစတီးဝပ်တို့က အမေရိကန်ဒေါ်လာ သန်း ၂၀ စီဖြင့် အသီးသီး ရပ်တည်လျက်ရှိပြီး နံပါတ် (၇) နေရာတွင် မင်းသမီး ကတ်သရင်းဟိန်းလ်က အမေရိကန်ဒေါ်လာ ၁၉ သန်း၊ နံပါတ် (၈) နေရာတွင် ကင်မရွန်းဒိုင်ယက်ဇ်က အမေရိကန်ဒေါ်လာ ၁၈ သန်း၊ နံပါတ် (၉) နေရာတွင် ဆာရာဘူးလော့ခ်က အမေရိကန်ဒေါ်လာ ၁၅ သန်းနှင့် နံပါတ် (၁၀) နေရာတွင် မာရီလ်စထိက အမေရိကန်ဒေါ်လာ ၁၀ သန်းဖြင့် အသီးသီး ရပ်တည်ခဲ့ကြပြီး ၎င်းမင်းသမီး ၁၀ ဦး၏ စုစုပေါင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၁၈ သန်း ဖြစ်သည်။

အင်တာနက်။

အာဒမ်ရယ် ဝေရယ် ဒသရယ်ဇာတ်ကား ဆက်လက်ပြသ

ရန်ကုန် ဇူလိုင် ၇

မြန်မာရုပ်ရှင်ချစ် ပရိသတ်များအတွက် ယခုသောကြာပတ် ဇူလိုင် ၈ ရက်တွင် မြန်မာရုပ်ရှင်ကားသစ် ရုံတင်နိုင်ခြင်း မရှိဘဲ ပြသဆဲမြန်မာဇာတ်ကားသစ် **အာဒမ်ရယ် ဝေရယ် ဒသရယ်** ဇာတ်ကားသာ သမ္မတ၊ သွင်၊ မင်္ဂလာ၊ မော်တင်ဂျန်းရှင်းနှင့် Top Royal ရုံများတွင် ဆက်လက်ပြသမည်ဖြစ်သည်။

မြန်မာဇာတ်ကားသစ် တစ်ကားဖြစ်သည့် **ပင်လယ်ထက်ကနေဝန်းနီ** ဇာတ်ကားမှာမူ မြို့လယ် ဝဇီရာ၊ စံပြ၊ ရွှေမန်းနှင့် သီတာရုံတို့တွင် ဆက်လက်ပြသမည်ဖြစ်သည်။

ရွှေ့ဆောင်ရုံတွင် သရုပ်ဆောင်မာတင်ကမ်ဘဲ ခေါင်းဆောင်ပါဝင်သည့် GREEN LANTERN သမိုင်းနောက်ခံပြု ဇာတ်ဆန်းကား ပြသမည်ဖြစ်သည်။

X-MEN: FIRST CLASS ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

လူသားကမ္ဘာကြီး မပေါ်ခင်ကာလ စကြာဝဠာအတွင်း မီးအိမ်စိမ်းတပ်ဖွဲ့ခေါ် စကြာဝဠာရဲတပ်ဖွဲ့ကို ဖွဲ့စည်းထားပြီး နယ်မြေအလိုက် စကြာဝဠာအတွင်း ခွဲခြားတာဝန်ယူရသူများက ဂြိုဟ်သားများ၏ ကျူးကျော်ရန်ပြုမှုကို သဘာဝစွမ်းအင်များ အသုံးပြုကာကွယ်ကြပုံကို စိတ်ဝင်စားဖွယ် ရိုက်ကူးထားသည့် ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။

နေပြည်တော်ရုံတွင် ပြသမည့် X-MEN: FIRST CLASS ဇာတ်ကားမှာမူ ၁၉၄၄ ခုနှစ်အတွင်း နာဇီဂျာမန်တို့ တန်ခိုးထွားခဲ့စဉ်အတွင်း နာဇီအကျဉ်းစခန်းတစ်ခုတွင် မိဘများနှင့်အတူ အကျဉ်းသားဖြစ်ခဲ့ရသူ စိတ်တန်ခိုးရှင်လူငယ်တစ်ဦး၏ မိဘများအတွက် အံ့မခန်းဖွယ် ကလဲ့စားချေပုံကို သည်းထိတ်ရင်ဖို ရိုက်ကူးထားသည့် စွန့်စားမှုအသားပေးဇာတ်ကြမ်းကားတစ်ကား ဖြစ်သည်။။

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးရေး (ငွေလုံးငွေရင်း) လုပ်ငန်းဖြစ်သော မဘေကျေးရွာတွင် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အင်ဂျင်နီယာမှူး ဦးအောင်စိုးကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးချစ်ဝင်းဇော် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပုဂ္ဂလိကစိုက်ခင်းများ တည်ထောင်ရန် ရှင်းလင်းဆွေးနွေး

လှိုင်ကော် ဇူလိုင် ၇

ကယားပြည်နယ် သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသော ပုဂ္ဂလိကစိုက်ခင်းများ တည်ထောင်ရန် ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ဇွန် ၂၈ရက် နံနက်တွင် ကယားပြည်နယ် သစ်တောဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ကယားပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဦးက ယနေ့နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း ရည်ရွယ်ချက်ဖြင့် ပုဂ္ဂလိကစိုက်ခင်းများ ထူထောင်ရေး၊ ပြည်နယ်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ပုဂ္ဂလိက ကျွန်း/သစ်မာစိုက်ခင်းများ ထူထောင်ရေးတို့ကို ရှင်းပြခဲ့ပြီး တက်ရောက်လာကြသော လုပ်ငန်းရှင်များမှ ပုဂ္ဂလိကစိုက်ခင်း ထူထောင်ခြင်းနှင့် ပတ်သက်၍ သိလိုသည်များအား ဆွေးနွေးမေးမြန်းရာ ကယားပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက ပြန်လည်ဖြေကြားခဲ့သည်။

(ပြည်နယ်သစ်တော)

မြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းအား ကိုရီးယားသမ္မတနိုင်ငံမှ မီဒီယာအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများအား

ကိုရီးယားသမ္မတနိုင်ငံမှ မီဒီယာအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၇

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းအား "Exchange Visit of ASEAN- Korea Media People 2011" အစီအစဉ်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ လေ့လာရေးခရီးရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံမှ မီဒီယာအဖွဲ့သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပြန်ကြားရေးကဏ္ဍဆိုင်ရာ မီဒီယာလုပ်ငန်းများ ရင်းနှီးစွာပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီး အမြင်ချင်းဖလှယ်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့အတူ ကိုရီးယားသမ္မတနိုင်ငံမှ မီဒီယာအဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့နှင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်လည်းကောင်း သွားရောက်တွေ့ဆုံပြီး အာဆီယံရေးရာကုန်သွယ်မှု၊ နယ်စပ်ကုန်သွယ်မှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးလုပ်ငန်းတို့နှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဆရာဝန်အသင်း စာပေဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၇

မြန်မာနိုင်ငံဆရာဝန်အသင်း စာရေးဆရာ ဆရာဝန်အဖွဲ့မှကြီးမှူး၍ စာပေဟောပြောပွဲကို မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ဇူလိုင် ၉ ရက်(စနေနေ့)မွန်းလွဲ ၁၂ နာရီခွဲတွင် ကျင်းပမည်ဖြစ်ပြီး ယင်းဟောပြောပွဲတွင် စာရေးဆရာ ဆရာဝန်များဖြစ်ကြသော ဒေါက်တာခင်မောင်လွင် (Fame)၊ မြနှောင်းညိုနှင့် ဒေါက်တာစိုးလွင်တို့က ပါဝင်ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၇

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအောင်နိုင်မောင်မောင်က Effective Working Capital Management ခေါင်းစဉ်ဖြင့် ဟောပြောပွဲ တစ်ရပ်ကို ဇူလိုင် ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက် ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲ တက်ရောက်ရန်အတွက် ဇူလိုင် ၂၇ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်းရုံးခန်း အမှတ်(၁/၁၉) သခင်မြပန်းခြံလမ်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရှိရသည်။

လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲ တက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ် စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကိုလက်ခံမည်မဟုတ်ကြောင်း သိရသည်။ (သတင်းစဉ်)

ထူးကြီးအသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၇

ထူးကြီးနယ်မှ ဆရာတော်ကြီးများအား ထူးကြီးအသင်း (ရန်ကုန်)က ဒုတိယအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏသံသုမာလမ်း အမှတ်(7-D) ၌ ဇူလိုင် ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ ကျင်းပမည်ဖြစ်၍ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

ကမ္ဘာ့လူဦးရေနေ့ ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲ ဆုရသူများစာရင်း ကြေညာ

(ယမန်နေ့မှအဆက်)

စာစီစာကုံးပြိုင်ပွဲ တက္ကသိုလ်/ကောလိပ်အဆင့်တွင် ပထမဆု မခင်သူသူဝင်း ပထမနှစ် အင်္ဂလိပ်စာ ဂုဏ်ထူးတန်း ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ဒုတိယဆု မဆုမွန်ဦး စတုတ္ထနှစ် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရေဆင်း နေပြည်တော်၊ တတိယဆု နမ့်သဇင်ထွန်း ပထမနှစ် သိပ္ပံတန်းခွဲ(၂) ပုသိမ်ပညာရေးကောလိပ်၊ အထူးဆု-၁ မစံပယ်ဖြူထွန်း MRES မ-၁ လားရှိုးတက္ကသိုလ်၊ အထူးဆု-၂ မောင်ဘိုဘိုကျော် ဒုတိယနှစ် မဟာသတ္တဗေဒ မြိတ်တက္ကသိုလ်၊ အထူးဆု-၃ မယုနန္ဒာလင်း DTEC(A) မော်လမြိုင်ပညာရေးကောလိပ်၊ အထူးဆု-၄ မရွှေဝတ်မှုံဖူး ဒုတိယနှစ် BTech (Civil) နည်းပညာတက္ကသိုလ် ကယားပြည်နယ်၊ အထူးဆု-၅ မစန္ဒာအောင် တတိယနှစ် (သူနာပြု) သူနာပြု/သားဖွားသင်တန်းကျောင်း ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့က ရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့်တွင် ပထမဆု မောင်ရဲလင်းအောင် နဝမတန်း အထက(၆) တောင်ကြီး၊ ဒုတိယဆု မယွန်းမှီမှီဆင့် အဋ္ဌမတန်း အလက(၃) မြိတ်၊ တတိယဆု မရတနာသွန်းဖြိုး အဋ္ဌမတန်း အထက(၅) ပြည် ပဲခူး(အနောက်)၊ အထူးဆု-၁ မလှမိုးတာရာလှိုင် နဝမတန်း အထက(၂) စစ်တွေ၊ အထူးဆု-၂ မငြိမ်းငြိမ်းထူး ဒသမတန်း အထက(၄) ဘားအံ၊ အထူးဆု-၃ မသီတာလှိုင် အဋ္ဌမတန်း အထက (၆) လားရှိုး၊ အထူးဆု-၄ မအေးချမ်းမော် နဝမတန်း အထက(၂) ရန်ကင်း၊ အထူးဆု-၅ မထိုက်သဉ္ဇာအောင် နဝမတန်း အထက(၁) မြစ်ကြီးနားတို့က ရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့်တွင် ပထမဆု မလှိုင်ရတနာထွန်း သတ္တမတန်း အလက(၃) မြစ်ကြီးနား၊ ဒုတိယဆု မယဉ်မင်းလှိုင် သတ္တမတန်း အထက(၆) ပုသိမ်၊ တတိယဆု မဆုရည်ထက် သတ္တမတန်း အထက(၁) လှိုင်ကော်၊ အထူးဆု-၁ မထက်ဝတီအောင် သတ္တမတန်း အထက(၁) မြိတ်၊ အထူးဆု-၂ မနန်းလင်းလဲ့ဦး သတ္တမတန်း အလက (၁) ကန်နား ပျဉ်းမနား၊ အထူးဆု-၃ မဉာဏ်ဒိတ်လွန်း ဆဋ္ဌမတန်း အလက(၃) ကျိုင်းတုံ၊ အထူးဆု-၄ မယွန်းပွင့်သူ သတ္တမတန်း အထက(၅) ပြည် ပဲခူး(အနောက်)၊ အထူးဆု-၅ မဆုရတီကို သတ္တမတန်း အထက(၅) လားရှိုးတို့က ရရှိကြသည်။

ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆု မယမင်းဝင်းလှိုင် အရှေ့ရန်ကင်း၊ ဒုတိယဆု ထွန်းထွန်းလင်း ဗဟန်းမြို့နယ်၊ တတိယဆု ရီရီရွှေ ပုသိမ်ကြီးမြို့နယ်၊ အထူးဆု-၁ ခွန်းချိုသာလှိုင်(သီလဝမြေ) ရမည်းသင်းမြို့၊ အထူးဆု-၂ မာလာဝင်း လှိုင်သာယာ၊ အထူးဆု-၃ ဇော်ဇော်ထွန်း စမ်းချောင်းမြို့နယ်၊ အထူးဆု-၄ လှိုင်သန်းတင့် (ရွှေပန်းချီ) ရမည်းသင်းမြို့၊ အထူးဆု-၅ ရီရီရွှေ ပုသိမ်ကြီးမြို့နယ် မန္တလေးတိုင်းဒေသကြီးတို့က ရရှိကြသည်။

ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲတွင် ပထမဆု ဒေါ်ခိုင်ခိုင်စိုး(သန်လျင်) သန်လျင်မြို့၊ ဒုတိယဆု ဒေါ်ယဉ်ယဉ်ဆွေ ရန်ကင်းပညာရေးကောလိပ် အရာရှိရိပ်သာ ရန်ကုန်တိုင်းဒေသကြီး၊ တတိယဆု မနုထက်ထက်လွင် စမ်းချောင်းမြို့နယ်၊ အထူးဆု-၁ ဦးကြည်ထွန်း(လူမှုဝန်ထမ်း) နေပြည်တော်၊ အထူးဆု-၂ ဒေါ်မြင့်မြင့်သန်း တောင်ကြီးမြို့၊ အထူးဆု-၃ ဒေါ်သီသီနွယ် နေပြည်တော်၊ အထူးဆု-၄ ဒေါက်တာခင်ချောစုကြည် ကျောက်မြောင်း၊ အထူးဆု-၅ ဦးတင်ထွန်း ပြင်ဦးလွင်မြို့တို့က ရရှိကြသည်။

ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဇူလိုင် ၁၁ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန နေပြည်တော်၌ ကျင်းပမည့် ကမ္ဘာ့လူဦးရေနေ့အခမ်းအနား၌ ဆုများချီးမြှင့်သွားမည်ဖြစ်ရာ ဇူလိုင် ၉ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် ပတ်စ်ပို့ဓာတ်ပုံ သုံးပုံနှင့်အတူ လာရောက်သတင်းပေးပို့ကြရမည်ဖြစ်သည်။ တိုက်ရိုက်လာကြမည့်သူများသည် နေပြည်တော်ကောင်စီ မြို့တော်စည်ပင်သာယာရေးတည်းခိုဆောင်သို့ ဇူလိုင် ၉ ရက်တွင် လာရောက်သတင်းပို့ရမည်ဖြစ်သည်။ အစမ်းလေ့ကျင့်ခြင်းကို ဇူလိုင် ၁၀ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၃၁၀၆၇၊ ၀၆၇-၄၃၁၃၃၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲ အထူးဆုရရှိသူများသည် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြည်နယ်/တိုင်းဒေသကြီးများရှိ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနများ၌ ဆုများကို လက်ခံရယူရမည်ဖြစ်သည်။ (သတင်းစဉ်)

ပညာဂုဏ်ရောင် အလင်းဆောင်

ရွှေပိတောက်စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ပိတောက်ခြံကျေးရွာ ရွာအဝင်မုခ်ဦးသစ် ဖွင့်ပွဲအခမ်းအနားနှင့် အခြေခံပညာမူလတန်းကျောင်းသို့ ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ သတင်းစာစောင်များပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ဇွန် ၂၂ ရက် မွန်းလွဲပိုင်းတွင် အဆိုပါ ပိတောက်ခြံကျေးရွာ ရွာအဝင်မုခ်ဦးရှေ့၌ကျင်းပရာ ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်က ပိတောက်ခြံကျေးရွာ စည်းရိုးအုတ်တံတိုင်းကာရံရန် အခန်းနှစ်ခန်းစာအတွက် အလှူငွေကျပ် ၁၃၀၀၀၀ ကို ပေးအပ်လှူဒါန်းပြီး ကျေးရွာအခြေခံပညာမူလတန်းကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ဂျာနယ်၊ သတင်းစာ၊ မဂ္ဂဇင်းနှင့် စာစောင်များကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရွှေပိတောက်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး စာကြည့်တိုက်အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားကာ စာကြည့်တိုက်အတွက် ဂျာနယ်၊ သတင်းစာ၊ မဂ္ဂဇင်းနှင့် စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်း

ရန်ကုန် ဇူလိုင် ၇

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ အောင်မြင်စေရေးအတွက် စေတနာရှင် အလှူရှင်များက အလှူငွေနှင့် စာအုပ် စာစောင်များကို ပေးအပ်လှူဒါန်းလျက်ရှိရာ ဇူလိုင် ၄ ရက်တွင် အလှူရှင် စာရေးဆရာ ကောင်းသန့် (ကောင်းသန့်စာပေတိုက်) **(အပေါ်ပုံ)** က ငွေကျပ် ၅၁ သိန်းတန်ဖိုးရှိ သုတ၊ ရသစာအုပ် ၄၆၁၀၊ ဒေါ်ခင်မေစိမ်းနှင့် ဒေါ်စိန်စိန်တို့က အလှူငွေကျပ် တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက် များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ကျရာကဏ္ဍအတူတကွ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ကြ

ကျော်မျိုးနောင်

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ်တည်ဆောက်ရေးတွင် အဓိက အကျဆုံးအရာသည် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။ တိုင်းပြည်၏စီးပွားဖွံ့ဖြိုးမှုတွင် ကျေးလက်ဒေသ ကုန်ထုတ်လုပ်ငန်းများ တိုးတက်မှုသည် ကြီးမားသည့်ကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ကျေးလက်ဒေသ ကုန်ထုတ်လုပ်မှု တိုးတက်လာခြင်းဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေ တိုးတက်လာပြီး ဆင်းရဲနွမ်းပါးမှုလည်း လျော့ကျလာမည်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် လူမှုစီးပွားဘဝ တိုးတက်လာမည်ဖြစ်သည်။ ကျေးလက်ဒေသ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာသည်နှင့် နိုင်ငံတစ်ခုလုံး အချိုးညီ ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သည်။ ဤသည်မှာ ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်ရေးနှင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့၏ အပြန်အလှန် ဆက်စပ်မှုပင်ဖြစ်သည်။

မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြပြီး ဆင်းရဲနွမ်းပါးသူ အများစုသည်လည်း ထိုကျေးလက်တွင် နေထိုင်ကြသူများပင်ဖြစ်ကြသည်။ သို့ဖြစ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲနွမ်းပါးမှုများ အထိုက်အလျောက် လျှော့ချနိုင်ရေးအတွက် မေလ ၂၀ ရက်မှ ၂၂ ရက်နေ့အထိ "ကျေးလက် ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ကျရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ" ကျင်းပခဲ့သည်။

ယခင်အစိုးရလက်ထက်က ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်း တာဝန်(၅)ရပ် ချမှတ်ဆောင်ရွက်ခဲ့ရာ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် စိုက်ပျိုးရေရရှိရေး ဟူသော ကဏ္ဍများတွင် အခြေခံကောင်းများ အထိုက်အလျောက် ရရှိခဲ့ပြီး ဖြစ်သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် ယင်းအခြေခံကောင်းများ ကိုပင် အခြေခံ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယနေ့ကာလသည် ခေတ်ပြောင်း၊ စနစ်ပြောင်းကာလဖြစ်သည်။ အုပ်ချုပ်မှုစနစ် ပြောင်းလဲသွားသည်နှင့်အညီ ခေတ်လည်းလိုက်ပါပြောင်းလဲ နေပြီဖြစ်သည်။ ခေတ်ပြောင်းစနစ်ပြောင်းကာလတွင် အဓိကဦးတည်ရမည့် အချက်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ရေးပင်ဖြစ်သည်။ နိုင်ငံ၏ စီးပွားရေးတိုးတက်မှုသာ နိုင်ငံကို အစစခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံ အဖြစ် မြှင့်တင်နိုင်မည်ဖြစ်သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျရေးကို ဦးတည်လျက် စီးပွားရေးပညာရှင်များ၊ စိုက်ပျိုးရေးပညာရှင်များ၊ အစိုးရဌာနများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များက ဆွေးနွေးတင်ပြခဲ့ကြသည်။ ဆွေးနွေးချက်အသီးသီးကို စုစည်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်မည့်လုပ်ငန်း(၈) ရပ်ကိုလည်း ရွေးထုတ်ခဲ့ပြီဖြစ်သည်။ ယင်းတို့မှာ-

(က) လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး၊
(ခ) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး၊
(ဂ) ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
(ဃ) အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
(င) သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
(စ) ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊
(ဆ) ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး၊
(ဇ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ဖြစ်သည်။

ကမ္ဘာ့စီးပွားရေးအခြေအနေကို လေ့လာကြည့်ပါက ကမ္ဘာ့ငွေကြေး အကျပ်အတည်း၊ ရာသီဥတုပြောင်းလဲလာမှုနှင့် စားနပ်ရိက္ခာဖူလုံစိတ်ချရရေး ပိုမိုလိုအပ်လာမှု၊ စွမ်းအင်လိုအပ်လာမှုတို့သည် ကမ္ဘာ့နိုင်ငံများနှင့် ပြည်သူ များအတွက် စိန်ခေါ်မှုများအဖြစ် ရင်ဆိုင်တွေ့ကြုံနေရပြီဖြစ်သည်။ မြန်မာ နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကို အခြေခံနေရဆဲဖြစ်၍ ကျေးလက်ဒေသများ တွင် လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရရှိရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ **စိုက်ပျိုး ရေးလုပ်ငန်း လုပ်ကိုင်နေကြသော တောင်သူများသို့ အထူးအထွက်တိုး မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးရေး၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို ဒေသအခြေအနေနှင့် ကိုက်ညီစွာ လေ့ကျင့် ပညာပေးရေး၊ သုတေသနစိုက်ကွင်းများ ထူထောင်ပေးရေး၊ လက်မှုလယ်ယာ မှ စက်မှုလယ်ယာသို့ ကူးပြောင်းရေး၊ ငွေကြေးအရင်းအနှီးများ ထောက်ပံ့ပေး ရေး၊ စီးပွားရေးတွက်ခြေကိုက်မည့်လုပ်ငန်းများနှင့် လယ်ယာကဏ္ဍ အခြေခံ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ပေါ်ထွန်းလာရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်သဖြင့် အားတက်ဖွယ်ဖြစ်သည်။ အထွက်နှုန်းမြင့်မှ အကျိုးအမြတ်များမည် ဖြစ်သကဲ့သို့ မျိုးကောင်းမျိုးသန့်ကို စနစ်တကျ စိုက်ပျိုးမှုလည်း အထွက်တိုးမည်ဖြစ်သည်။ ဤသို့ဖြင့် လယ်ယာကုန်ထုတ် လုပ်မှုကဏ္ဍမြင့်မားကာ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရေး အတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။**

ကျေးလက်ဒေသတွင် မွေးမြူရေး၏ အခြေခံများရှိနေသည်။ မွေးမြူရန် မြေနေရာ၊ လွတ်ကျောင်းစားကျက်၊ ဖြည့်စွက်အစာနှင့် ရေတို့ဖြစ်သည်။ အဆိုပါ အခြေခံများကို အသုံးပြုလျက် ပြည်တွင်းစားသုံးမှု၊ ပြည်ပတင်ပို့မှု တို့အတွက် သားငါးထုတ်လုပ်ရန် မွေးမြူရေးများကို ဆောင်ရွက်ရမည်ဖြစ် သည်။ လမ်းပန်းဆက်သွယ်မှု အခြေခံများလည်း နယ်မြေဒေသအလိုက် ဆောင်ရွက်ပြီးဖြစ်ရာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးဆိုင်ရာ နည်းပညာများ အပါအဝင် လိုအပ်သည်များကို မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနက ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် တိုင်းဒေသကြီး နှင့် ပြည်နယ်များအလိုက် ဖြစ်နိုင်ခြေရှိသော အသားနှင့်ငါးထုတ်လုပ်မှုတို့ကို ကျေးလက်ကို အခြေခံ၍ ဆောင်ရွက်ကြမည်ဖြစ်ရာ အလုပ်အကိုင် အခွင့်အလမ်း များပွင့်လာပြီး ဝင်ငွေတိုးတက်လာမည်ဖြစ်သည်။ ကျေးရွာတစ်ရွာချင်း အလိုက်၊ အစုအဖွဲ့အလိုက် တဖြည်းဖြည်းချင်း တိုးမြှင့်ဆောင်ရွက်သွားရမည် သာဖြစ်သည်။

ကျေးလက်နေပြည်သူများတွင် တောင်သူလယ်သမားနှင့် လယ်ယာလုပ်သား ဟူ၍ တွေ့ရမည်ဖြစ်သည်။ တောင်သူလယ်သမားများသည် ကုန်ထုတ်လုပ် သူများဖြစ်ပြီး လယ်ယာလုပ်သားများမှာမူ ထိုကုန်ထုတ်လုပ်ရေး၏ လုပ်သား များပင်ဖြစ်သည်။ လုပ်သားဖြစ်သူများမှာ နေ့စဉ်ရရှိသည့် လုပ်အားခအပေါ် မှီခိုရသူများဖြစ်၍ အမြဲမပြတ်အလုပ်ရှိနေရန်လိုအပ်သည်။ သာမန်အားဖြင့် သီးနှံများ စိုက်ပျိုးမှုမရှိသည့် နွေရာသီကာလတွင် အခြားကုန်ထုတ်လုပ်ငန်း များတွင် အလုပ်ရရှိနေရန် လိုအပ်သည်။ အလုပ်ရှိနေမှသာ ဝင်ငွေရှိနေမည် ဖြစ်သည်။ ထို့အပြင် လယ်ယာလုပ်ငန်းကို အဓိကထားလုပ်ကိုင်သည့် တောင်သူ လယ်သမားများသည်လည်း စိုက်ပျိုးထားသည့် သီးနှံတစ်ခု ထွက်ရှိရန်မှာ သုံးလမှ ငါးလခန့်အထိ ကြာမြင့်တတ်ရာ ထိုကြားထဲတွင် ပုံမှန်ဝင်ငွေရရှိရန် လိုအပ်သည်။ ဤတွင် လယ်ယာကုန်ထုတ်လုပ်မှု တစ်ခုတည်းသာမက ကျေးလက်ဒေသ ကုန်ထုတ်လုပ်ငန်းနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ထင်ရှားစွာမြင်လာရသည်။ သို့ဖြစ်၍ လက်မှုပစ္စည်းများ၊ အနုပညာပစ္စည်းများ၊ လူသုံးအိမ်သုံးပစ္စည်းများ ဈေးကွက်ဝင် ထုတ်လုပ်နိုင်အောင် အားပေးမြှင့်တင်ခြင်း၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများဆိုင်ရာ အတတ်ပညာဗဟုသုတများ ဖြန့်ဖြူး ပေးခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အခြေခံ အသေးစားကုန်ထုတ် လုပ်ငန်းများ ဖြစ်ပေါ်တိုးတက်လာအောင် နိုင်ငံတော်အပိုင်းမှ ဆောင်ရွက်သွား မည်ဖြစ်သည်။

ဆင်းရဲနွမ်းပါးသူများတွင် ကျေးလက်နေပြည်သူများအပြင် မြို့ပြနေ ပြည်သူများလည်း ပါဝင်နေသည်။ ပမာဏအားဖြင့် နည်းသော်လည်း ယနေ့ ကာလတွင် ထည့်သွင်းစဉ်းစား ဆောင်ရွက်နေပြီဖြစ်သည်ကို တွေ့ရသည်။ ဆင်းရဲနွမ်းပါးသူအားလုံးသည် မိသားစု၏ နေ့စဉ် အခြေခံစားသောက်စရိတ် ပုံမှန်ရရှိနေရန် လိုအပ်သည်။ ဤတွင် လယ်ယာကုန်ထုတ်လုပ်မှုလုပ်ငန်း မဟုတ်သည့် အခြားကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးရန် လိုအပ်လာသည်။ သို့ရာတွင် အရင်းအနှီးလိုအပ်နေရာ အဆိုပါလုပ်ငန်းများ လုပ်ကိုင်ရန် ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖြစ်ထွန်းလာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်နေသည်ကို တွေ့ရှိရသည်။ တောင်သူလယ်သမားများကလည်း လယ်ယာ လုပ်ငန်းအတွက် လိုအပ်ပါက ချေးယူနိုင်မည်ဖြစ်ပြီး အိမ်တွင်းစက်မှုလက်မှု ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်လိုသူများ၊ အနိမ့်ဆုံးအဆင့်ဖြစ်သော ဈေးရောင်း သူများကိုလည်း အဆိုပါ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများက ထောက်ကူနိုင်မည်ဖြစ်သည်။ ယခုအခါ မိမိအစီအစဉ်ဖြင့် ဆောင်ရွက်နေကြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ NGO အဖွဲ့အစည်းများ ရှိနေပြီဖြစ်ရာ အထိုက်အလျောက် အထောက်အပံ့ရရှိနေပြီဖြစ်သည်။ နိုင်ငံတော်အပိုင်းမှ တူညီသည့်စံနှုန်းများ သတ်မှတ်၍ တရားဝင်အဖွဲ့အစည်းများဖြစ်အောင် အဖွဲ့ အစည်းတစ်ခုက ကြီးကြပ်ဆောင်ရွက်သွားရန် စီစဉ်မည်ဖြစ်သည်။ ဤလုပ်ငန်း များသည် ကုန်ထုတ်လုပ်မှုများအတွက် အရင်းအနှီးသာမက မကျန်းမမာဖြစ် နေသူများ ဆေးဝါးကုသရေး၊ ကျောင်းထားချိန်တန်သူ သားသမီးများကို ကျောင်းထားနိုင်ရေးစသည့် အခြေခံလိုအပ်ချက်များကိုပါ ဖြည့်ဆည်းပေးနိုင် မည်ဖြစ်သည်။

ကျေးလက်ဒေသ၏ ထွက်ကုန်များသည် လယ်ယာလုပ်ငန်းခွင်သာမက နေထိုင်သည့် ခြံဝင်းများအတွင်း စိုက်ပျိုးမွေးမြူထားသော တစ်ပိုင်တစ်နိုင် လုပ်ငန်းများမှလည်း ထွက်ရှိနေသည်။ ဤသည်မှာ ဆင်းရဲနွမ်းပါးမှုကို ထောက်ကူမည့် ဒုတိယဝင်ငွေဖြစ်သည်။ ဒုတိယဝင်ငွေတွင် အဆိုပါ တစ်ပိုင် တစ်နိုင်အပြင် အသေးစား ကုန်ထုတ်လုပ်ငန်းများလည်း ပါဝင်နေသည်။ ကျေးလက်ဒေသမှ ထွက်ကုန်အားလုံးကို စားသုံးသူထံသို့ မြန်မြန်ဆန်ဆန် ရောက်ရှိရေးမှာလည်း အဓိကကျသည်။ ဤတွင် သီးနှံများပို့ဆောင်ရန် အခက်အခဲရှိ၍ တန်ဖိုးလျော့ကျမှုနှင့် ဆုံးရှုံးမှုများ မဖြစ်ပေါ်ရေးသည်လည်း ပါဝင်လာသည်။ သို့ဖြစ်၍ သယ်ယူပို့ဆောင်ရေး၊ ထွက်သမျှ ရောင်းချရရေးအတွက် တစ်ဦးချင်း၊ တစ်ယောက်ချင်း ဆောင်ရွက်မှုထက် အစုအဖွဲ့ဖြင့် ဆောင်ရွက်ခြင်းက လေလွင့်ခြင်း၊ ဈေးနှိမ်ခံရခြင်းတို့မှ ရှောင်ရှားနိုင်မည်ဖြစ်သည်။ လူထုယုံကြည်မှု ရရှိချိန်တွင် အစုအဖွဲ့အဆင့်မှ ကျေးရွာသမဝါယမအသင်းများအသွင် ပြောင်းလဲ ဖွဲ့စည်းဆောင်ရွက်သွားရမည်ဖြစ်သည်။ စုဖွဲ့ဆောင်ရွက်၍ ပိုမိုရရှိလာသည့် အကျိုးအမြတ်သည် ကျေးလက်နေပြည်သူများသာ ခံစားရမည်ဖြစ်သည်။

ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဆက်သွယ်ရေးဟူသည့် နယ်ပယ်(၅)ရပ်ပါဝင်နေသည်။ ပညာရေးနှင့် ကျန်းမာ ရေးဆိုင်ရာ မြင့်မားလာမှ မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ် လာမည်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှ ပညာရေးနှင့် ကျန်းမာရေးအတွက် အထောက်အပံ့ဖြစ်မည့်အပြင် ကျေးလက်ဒေသ လယ်ယာ ထွက်ကုန်များ ပို့ဆောင်ရေးလည်း လျင်မြန်မည်ဖြစ်သည်။ ဤတွင် ဆက်သွယ် ရေးသည် ကျန်နယ်ပယ်လေးရပ်စလုံးအတွက် အရေးအပါဆုံးဖြစ်နေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏အား၊ ဘဏ်များ၊ ငွေစုငွေချေးသမဝါယမအသင်းများ၏အား၊ ဖောင်ဒေးရှင်းများ၏ အား၊ လုပ်ငန်းရှင်များ၏အား၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၏အား၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၏အား၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏အား၊ စေတနာရှင်များ၏ အား၊ လူမှုရေးအသင်းအဖွဲ့အစည်းများ၏အားနှင့် ဒေသခံပြည်သူများ၏အား ဟူသည့် အားဆယ်အားဖြင့် စီမံဆောင်ရွက်သွားမည်ဖြစ်ရာ ကျေးလက်လူမှု စီးပွားဖွံ့ဖြိုးတိုးတက်မှု အခြေအနေမှာ မဝေးတော့ပြီဖြစ်သည်ကို တွေ့ရှိရမည် ဖြစ်သည်။

ကျေးလက်နေပြည်သူများသည် စွမ်းအင်အတွက် သဘာဝကိုသာ အဓိက **မှီခိုနေရဆဲဖြစ်သည်ကို တွေ့ရသည်။ ဥပမာအားဖြင့် လောင်စာအတွက် ထင်း၊ မီးသွေးတို့ကိုသာ သုံးနေရသကဲ့သို့ စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေး တို့တွင်လည်း လက်လုပ်ပစ္စည်းများ၊ သစ်ဖြင့်ပြုလုပ်သော ကိရိယာများနှင့် ကျွဲ၊ နွားများကိုသာ အားထားနေရဆဲဖြစ်သည်။ နိုင်ငံတော်မှ ပံ့ပိုးဆောင်ရွက် မည့် အစီအစဉ်များတွင် နေရောင်ခြည်စွမ်းအင်သုံးစနစ်၊ ရေအားစွမ်းအင်သုံး စနစ်၊ လေအားစွမ်းအင်သုံးစနစ်၊ စွန့်ပစ်ပစ္စည်းစွမ်းအင်သုံးစနစ်၊ အင်ဂျင် ပါဝါသုံးစနစ်များ ပါရှိသည်။ ကျေးလက်၏ စွမ်းအင်စနစ် မြင့်မားလာပါက ကုန်ကျစရိတ်သက်သာခြင်း၊ လျင်မြန်စွာ ဆောင်ရွက်နိုင်ခြင်း၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုခြင်း စသည့် အကျိုးတရား များအပြင် လူနေမှုအဆင့်အတန်းပါ မြင့်တက်လာမည်ဖြစ်သည်။**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ကျေးလက်နေပြည်သူတို့၏ ဘဝနှင့် များစွာဆက်စပ်နေပေသည်။ သဘာဝတောတောင်များ၊ မြစ်ချောင်း အင်းအိုင်များသည် ကျေးလက်နေပြည်သူတို့၏ နေ့စဉ် အစားအသောက် လိုအပ်ချက်များကို ပံ့ပိုးပေးနေသည်။ သဘာဝကပေးသော ဟင်းသီးဟင်းရွက် နှင့် သားငါးများကို ထိုတောတောင်မြစ်ချောင်းအင်းအိုင်များတွင် အလွယ် တကူ လွတ်လပ်စွာ ရှာဖွေနိုင်သည်။ ကုန်ကျစရိတ် သက်သာမှုကိုသာမက စိတ်ပျော်ရွှင်မှုကိုပါ ရရှိစေသည်။ သို့ရာတွင် ထိုသဘာဝပတ်ဝန်းကျင်ကို တစ်ဦးချင်း အသိတရားဖြင့် ထိန်းသိမ်းရန်မှာ ခက်ခဲသဖြင့် သတ်မှတ် ပြဋ္ဌာန်း ကန့်သတ်ဆောင်ရွက်ရမည်ဖြစ်သည်။ လောင်စာအတွက် ထင်းခုတ် ခြင်း၊ မီးသွေးဖုတ်ခြင်းများမရှိအောင် ကျေးလက်စွမ်းအင်ဖွံ့ဖြိုးရေး ဆောင်ရွက်၍ ကာကွယ်ရမည် ဖြစ်သည်။ တောင်ကုန်းနှင့် ချိုင့်ဝှမ်းရှိသော ဒေသများတွင် တောင်ယာခုတ်၍ မီးရှို့ခြင်း၊ တောင်ယာစိုက်ပျိုးခြင်းအစား လှေကားထစ်စိုက်ပျိုးရေးပြုလုပ်ခြင်း၊ တောင်ယာ မခုတ်ရေးတို့ကိုလည်း ကန့်သတ်ထိန်းချုပ်ရမည်ဖြစ်သည်။ ထို့အပြင် သစ်တောများ ပြုစုထိန်းသိမ်း ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ မြေဆီလွှာထိန်းသိမ်းခြင်း၊ ရေ အရင်းအမြစ်များ ထိန်းသိမ်းခြင်း၊ သန့်ရှင်းသောသောက်သုံးရေ ဖူလုံရေး၊ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး၊ ရာသီဥတုပြောင်းလဲမှု လျော့နည်း ရေး၊ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ရေးတို့တွင် ကျေးလက်နေပြည်သူများ ပါဝင်လာစေရေးတို့ပါ ဆောင်ရွက်သွားမည်ဖြစ်သည်။ သို့မှသာ သဘာဝ ပတ်ဝန်းကျင် တည်တံ့နေပြီး ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ မြင့်မားရေးကို သဘာဝပတ်ဝန်းကျင်က ပြန်လည်အကျိုးပြုမည်ဖြစ်သည်။

ဆင်းရဲနွမ်းပါးသူများကို ဝင်ငွေတိုးတက်ရရှိအောင် အဘက်ဘက်မှ စီမံဆောင်ရွက်ပေးခြင်းဖြင့် ဆင်းရဲနွမ်းပါးမှု လျော့ကျခြင်းအပြင် ဝင်ငွေတိုး လာသည့်အတွက် ဝယ်ယူနိုင်စွမ်း (Purchasing Power)လည်း မြင့်မားလာ မည်ဖြစ်သည်။ အခြေခံလိုအပ်ချက်များ (Basic Needs) မည်မျှပင်ရှိစေ ကာမူ ဝင်ငွေပေါ်မူတည်၍ အဓိကကျသည်ကိုသာ ရွေးချယ်ဝယ်ယူမည်ဖြစ် သဖြင့် ဝင်ငွေတိုးတက်မှသာ ဝယ်ယူနိုင်စွမ်း မြင့်မားလာမည်ဖြစ်သည်။ ဝယ်ယူနိုင်စွမ်းမြင့်မားလာသည်နှင့်အမျှ လူနေမှုအဆင့်အတန်း မြင့်မားလာ မည်ဖြစ်သည်။

ယနေ့ကာလ နိုင်ငံတော်အစိုးရသည် ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို အထူးတလည် အလေးထားဆောင်ရွက်ရန် စတင်နေပြီဖြစ်သည်။ လက်တွေ့ကျသော လုပ်ငန်းစဉ်များကိုလည်း ချမှတ် ထားပြီးဖြစ်သည်။ မေလ ၂၀ ရက်မှ ၂၂ ရက်နေ့အထိ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သော "ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ကျရေး" အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲ နွမ်းပါးမှုလျှော့ချရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်း(၈)ရပ်ကို ချမှတ် ခဲ့သည်။ ဇွန်လ ၂၀ ရက်နေ့က ကျင်းပပြုလုပ်သော ကျေးလက်ဒေသဖွံ့ဖြိုး ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီ၏ (၁/၂၀၁၁) အစည်း အဝေးတွင် လုပ်ငန်းကော်မတီ၊ အထောက်အကူပြု ဆပ်ကော်မတီများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်ကောင်စီ လုပ်ငန်းကော်မတီများ ဖွဲ့စည်းလျက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းများကို စတင်ဆောင်ရွက်နေကြပြီဖြစ်သည်။ ဗဟိုကော်မတီအစည်း အဝေးမှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်း စီမံချက်(Action Plan)၏ ဘောင်(Frame)မူကြမ်းကို ချပြခဲ့ပြီးဖြစ်သည်။ စီမံချက်အကောင်အထည်ဖော်မည့်ကာလကို ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့အထိ သတ်မှတ်ထားသည်။ လုပ်ငန်း ကော်မတီသည် အထောက်အကူပြု ဆပ်ကော်မတီများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးကော်မတီများနှင့် ညှိနှိုင်း၍ ပြည်နယ်နှင့်တိုင်းဒေသကြီး ကော်မတီများမှ နယ်မြေဒေသနှင့် ဆီလျော်သော လုပ်ငန်းအစီအမံများ အသေးစိတ်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။

မြန်မာနိုင်ငံသည် မျှတသောရာသီဥတုရှိပြီး ရေခံမြေခံကောင်းသဖြင့် စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်ခဲ့သည်။ တစ်ချိန်က ကမ္ဘာ့ဆန်တင်ပို့မှုတွင် ထိပ်ဆုံးကရှိခဲ့သည်။ သို့ရာတွင် တောင်သူလယ်သမား အခြေခံလူတန်းစား များသည် စီးပွားရေးနိမ့်ကျကာ ဆင်းရဲနွမ်းပါးမှု သံသရာမှ ရုန်းမထွက်နိုင် ခဲ့ပေ။

အဆိုပါ ရေခံမြေခံကောင်းများတွင် နည်းပညာများ၊ ပံ့ပိုးမှုများ၊ ထောက်ကူမှုများ ဖြည့်စွက်ကာ နယ်မြေဒေသ၏ ရေမြေသဘာဝနှင့် ကိုက်ညီ သော လယ်ယာကုန်ထုတ်လုပ်မှုများ၊ သားငါးထုတ်လုပ်မှုများ၊ လယ်ယာ ထွက်ကုန်အခြေခံ အလတ်စားနှင့် အသေးစားကုန်ထုတ်လုပ်မှုများ စသည်ဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေပုံမှန်ရရှိစေမည့်၊ ဝင်ငွေတိုးစေမည့် လုပ်ငန်း များကို နိုင်ငံတော်မှ စနစ်တကျဖွဲ့စည်း အကောင်အထည်ဖော်တော့မည် ဖြစ်ရာ မကြာမတင်သောကာလတွင် ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ကာ ကျေးလက်နေပြည်သူများလည်း ဆင်းရဲနွမ်းပါးမှုနွံမှ လွတ်မြောက်တော့မည် ဖြစ်သည်။ နိုင်ငံတော်အပိုင်းမှ ပံ့ပိုးထောက်ကူ ဆောင်ရွက်ပေးမှုများတွင် ကျွန်တော်တို့ကျေးလက်နေပြည်သူများကလည်း စိတ်ရောကိုယ်ပါ အားတက် သရော ဆောင်ရွက်ကြရပါမည်။ **"ရေမြင့်မှ ကြာတင့်"** ဆိုသကဲ့သို့ပင် တောင်သူလယ်သမား၊ အလုပ်သမားစသည့် တိုင်းပြည်၏ အခြေခံလူတန်းစား များ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များတွင် ကျရာကဏ္ဍမှ အတူတကွ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသတည်း။ ။

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ပြင်သစ်နိုင်ငံမှ ညှိအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၇

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် လုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြင်သစ်နိုင်ငံ Total Exploration and Production ၏ အာရှနှင့် အရှေ့ဖျားဌာနမှ Senior Vice- President Mr. Jean- Marie Guillermou ဦးဆောင်သော အဖွဲ့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်ရန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ စွမ်းအင်စီမံရေး ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် လုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြင်သစ်နိုင်ငံ Total Exploration and Production ၏ အာရှနှင့် အရှေ့ဖျားဌာနမှ Senior Vice- President Mr. Jean- Marie Guillermou ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

❖ ကျောက်စိမ်းမှ

မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းကိစ္စများကို စနစ်တကျ ဆောင်ရွက်လျက်ရှိကြပြီး ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကို အောင်မြင်စွာ ကျင်းပနိုင်စေရေးအတွက် အထောက်အကူပြုလျက်ရှိသကဲ့သို့ ပြပွဲသို့ တက်ရောက်လာကြသည့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအနေဖြင့်လည်း အဘက်ဘက်မှ အဆင်ပြေလွယ်ကူ ချောမွေ့စေသည့် ဆပ်ကော်မတီများ၏ ဝန်ဆောင်မှုများကြောင့် စိတ်အေးချမ်းပျော်ရွှင်စွာ ဝယ်ယူနိုင်ကြသည်။

(သတင်းစဉ်)



လှိုင်မြစ်ဖြတ်ကျော် အမြင့်ဆုံးတာဝါတိုင်ကြီးတွင် လျှပ်စစ်လုပ်သားကြီးများ ကြိုးဆွဲလုပ်ငန်း ဆောင်ရွက်နေကြစဉ်။

❐ ကျောဖုံးမှ

ဖြေ။ ။ ရန်ကုန်မြို့ရဲ့ အလုံဆိပ်ကမ်းဒေသမှာ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံတစ်ခု မဖြစ်မနေတည်ဆောက်ရန် လိုအပ်တဲ့အတွက် ယခုလို လှိုင်မြစ်ကိုကျော်ပြီး တာဝါတိုင်ကြီးတွေ တည်ဆောက်၍ မဟာဓာတ်အားလိုင်းကြီး တစ်ခု ဆွဲနေခြင်းဖြစ်ပါတယ်။

မေး။ ။ ရန်ကုန်မြို့ရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှု အခြေအနေကို သိပါရစေ။

ဖြေ။ ။ ရန်ကုန်မြို့ရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ ပြီးခဲ့တဲ့ အနှစ် ၂၀ ကျော်ကာလအတွင်း အထူးပဲ တိုးတက်ခဲ့ပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရခါစက ရန်ကုန်မြို့ လူဦးရေဟာ သိန်းဂဏန်းသာ ရှိခဲ့ပြီး ဓာတ်အားသုံးစွဲမှု ပမာဏမှာ တစ်မဂ္ဂါဝပ်သာသာပဲရှိခဲ့တယ်လို့သိခဲ့ရပါတယ်။ ယခုအချိန်မှာ ရန်ကုန်မြို့ဟာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီး လျှပ်စစ်ဓာတ်အား ၆၀၀ မဂ္ဂါဝပ်ခန့် သုံးစွဲနေပြီဖြစ်ပါတယ်။

မေး။ ။ ရန်ကုန်မြို့ရဲ့ တိုးတက်သုံးစွဲလာတဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်စွက်ဖို့ ယခုလို မဟာဓာတ်အားလိုင်းကြီးဆွဲနေတာကို သိပါရစေ။

ဖြေ။ ။ ဓာတ်အားသုံးစွဲမှု အများစုဟာ ရန်ကုန်မြို့ရဲ့ တောင်ဘက်အရပ်မှ လူနေသိပ်သည်းတဲ့ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ ပုဇွန်တောင်မြို့နယ်တွေ ဖြစ်ကြပါတယ်။ ဓာတ်အားပို့လွှတ်တဲ့ ပင်မဓာတ်အားခွဲရုံက မြောက်အရပ်မှာရှိပြီး ဓာတ်အားသုံးစွဲသူအများစုဟာ တောင်အရပ်မှာရှိတဲ့အတွက် ဗို့အားလျော့နည်းပြီး ဓာတ်အားပျောက်ဆုံးမှုလည်း များနေပါတယ်။ ရန်ကုန်မြို့မှာ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံနှစ်ခုကို သာကေတနှင့် အလုံမှာ တည်ဆောက်ရန် လိုအပ်သဖြင့် ၁၉၈၄ ခုနှစ်က သာကေတမှာ 200 MVA, 230 KV ပင်မဓာတ်အားခွဲရုံကို ကမ္ဘာ့ဘဏ်ချေးငွေနဲ့ တည်ဆောက်ပေးခဲ့ပါတယ်။

ရန်ကုန်မြို့ရဲ့ ဓာတ်အားလိုအပ်ချက်ကို ပြည့်မီစွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် လိုအပ်တဲ့ ပမာဏရှိတဲ့အတိုင်း တည်ဆောက်ရတဲ့ အတွက် နေရာဒေသအရ တည်ဆောက်ဖို့လွယ်ကူတဲ့ သာကေတ ပင်မဓာတ်အားခွဲရုံကို အရင် တည်ဆောက်ခြင်းဖြစ်ပါတယ်။ အဲ့ဒီနောက် ရန်ကုန်မြို့မှာ ဓာတ်အားသုံးစွဲမှု လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ ရန်ကုန်မြို့တော် အနောက်ဘက်အရပ်မှာ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံ နှစ်ခုကို လှိုင်သာယာနှင့် ဘုရင့်နောင်မှာ ဆက်လက် တည်ဆောက်ပေးခဲ့ပြီး တည်ရှိပြီးဖြစ်တဲ့ လှော်ကား၊ သာကေတ ပင်မဓာတ်အားခွဲရုံများကိုလည်း ထရန်စဖော်မာအင်အားများ တိုးချဲ့ပေးခဲ့ပါတယ်။

ဒုတိယအချက်အနေနဲ့ ပြောရရင် လှိုင်မြစ်ဟာ ရန်ကုန်မြစ်ဝနဲ့ ဆက်သွယ်နေပြီး နေ့စဉ်နိုင်ငံတကာ ရေကြောင်းသွားပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်ရာဒေသလည်း ဖြစ်နေတယ်။ ဒီဒေသမှာ ၂၃၀ ကေဗွီ မြစ်ကျော် ဓာတ်အားလိုင်း တည်ဆောက်တဲ့ နေရာမှာ ဓာတ်ကြိုးဟာ သင်္ဘောကြီးတွေရဲ့ အထက် ကောင်းစွာ လွတ်ကင်းသော အမြင့်မှာရှိဖို့ လိုအပ်သလို၊ အကြောင်းကြောင်းကြောင့် လှိုင်မြစ်၏ ရေကြောင်းပြောင်းလဲပြီး တာဝါတိုင်များ၏ ခြေရင်းကို ရေတိုက်စားမယ်ဆိုရင်လည်း တာဝါတိုင်များ လဲပြိုမသွားဖို့ လိုအပ်သလို၊ လေပြင်း မုန်တိုင်းတိုက်ခတ်ပါကလည်း ခံနိုင်ရည်ရှိသော တာဝါတိုင်များဖြစ်ရန် လိုအပ်ပါတယ်။

မေး။ ။ အလုံ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံနဲ့ မြစ်ကျော်တာဝါတိုင်ကို တည်ဆောက်ဖို့ စီစဉ်နိုင်ရတာလဲ ဆိုတာကိုလည်း သိပါရစေ။

ဖြေ။ ။ ဒီလို မြင့်မားပြီးခိုင်ခံ့တဲ့ မြစ်ကျော် တာဝါတိုင်ကြီးများကို တည်ဆောက်နိုင်ဖို့အတွက် ရယူခဲ့ရတဲ့ ပထမဆုံး အတွေ့အကြုံကတော့ ညောင်တုန်း ဧရာဝတီမြစ်ကျော် (ကဇင်းတော) တာဝါတိုင်ကို ဧရာဝတီမြစ် ရေကြောင်း ပြောင်းလဲပြီး ရေတိုက်စားလာရာမှ မြစ်ကြမ်းပြင်ထက် နှစ်ဆကျော်နက်တဲ့ Bored Pile ကို တူးယူ ဆောင်ရွက်ပြီး အဆိုပါ Pile များအပေါ်မှာ Foundation ချ တည်ဆောက်ထားတဲ့ တာဝါတိုင်များဖြင့် အစားထိုးခဲ့ရာမှ ရေတိုက်စားတဲ့ဒဏ်ကို ကဇင်းတောတာဝါတိုင်အသစ်များ ခံနိုင်ရည်ရှိအောင် စီစဉ်ဆောင်ရွက်ဖြစ်သလို၊ ဒုတိယအချက်ကတော့ ပေ ၄၀၀ ကျော်မြင့်တဲ့ အုန်းတော-တံတားဦး မြစ်ကျော်တာဝါတိုင်ကို ပြုလုပ်နေကျ Lattice Tower အမျိုးအစားမဟုတ်ဘဲ Pipe Structure အဖြစ် တည်ဆောက်နိုင်ခဲ့သော အတွေ့အကြုံရလို့ပဲ ဖြစ်ပါတယ်။

မေး။ ။လှိုင်မြစ်ကျော်တာဝါရဲ့ အမျိုးအစား အလေးချိန်နှင့် အမြင့်တို့ကို သိပါရစေ။

ဖြေ။ ။ Pipe Structure တာဝါ အမျိုးအစားဖြစ်ပြီး ၃၁၆ တန်လေးပါတယ်။ အမြင့်ကတော့ ၄၆၂ ပေရှိပါတယ်။ မြန်မာနိုင်ငံမှာတော့ အမြင့်ဆုံးနဲ့ အလေးချိန်အများဆုံး တာဝါဖြစ်ပါတယ်။

မေး။ ။ ဒီလောက်လေးတဲ့ Pipe Structure တာဝါတိုင် Member များကို ဘယ်လိုတပ်ဆင်ယူပါသလဲ။

ဖြေ။ ။ တာဝါတိုင် တပ်ဆင်ရာနဲ့ အထပ်မြင့် အဆောက်အအုံများ ဆောက်လုပ်ရာမှာ အသုံးပြုတဲ့ တာဝါကရိန်းနှစ်စင်းကို အသုံးပြုပြီး ပေ ၁၆၀ အမြင့်ရောက်တဲ့အထိ တည်ဆောက်ခဲ့ပါတယ်။ ဒီနောက်မှာ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက ကျွမ်းကျင်စွာ အသုံးပြုလေ့ရှိတဲ့ Jim Pole Method ဖြင့် အသုံးပြုပြီး ၄၆၂ ပေ အမြင့်အထိ ဆက်လက်တည်ဆောက်ခဲ့ပါတယ်။ တာဝါတပ်ဆင်တဲ့နေရာမှာ တာဝါကရိန်းများ အသုံးပြုတပ်ဆင်တာဟာ မြန်မာပြည်မှာတော့ ပထမဆုံးအကြိမ် တီထွင်အသုံးပြုခြင်းဖြစ်ပါတယ်ဟု ဖြေကြားလိုက်ပါသည်။ ။

ဓာတ်အားပို့လွှတ်ရေး စီမံကိန်း (တောင်ပိုင်း)က ဆောင်ရွက်နေသည့် လှိုင်မြစ်ကျော် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း ကြိုးဆွဲလုပ်ငန်းခွင်ကို ဤသို့ တွေ့ရစဉ်။

တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ငြိမ်း၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ဇော်ဝင်းတို့ ဇူလိုင် ၅ ရက်က ပျဉ်းမနားမြို့ ပန်းခင်းလမ်းတစ်လျှောက်၌ Earth Ring တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

Basic Remote Sensing နည်းပညာသင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၇

အစိုးရဌာနဆိုင်ရာများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းအသီးသီးအတွက် လိုအပ်သောနည်းပညာဆိုင်ရာ လုပ်ငန်းများဖြစ်သည့် ကမ္ဘာ့မြေပြင်ပေါ်ရှိ ပထဝီဝင်ဆိုင်ရာ အချက်အလက်များကို အဝေးမှ အာရုံခံစူးစမ်းလေ့လာခြင်း၊ ကောင်းကင်ဓာတ်ပုံများ၊ ဂြိုဟ်တုအမျိုးမျိုးမှ ရိုက်ကူးထားသော ဂြိုဟ်တုပုံရိပ်များ၊ အာကာသလွန်းပြန်ယာဉ်ပေါ်ရှိ Sensor မှရိုက်ကူးသောပုံရိပ်များ၊ ဂြိုဟ်တုပေါ်တွင် တပ်ဆင်သော ရေဒါကိရိယာမှ ရေဒါဓာတ်ပုံများ၊ လေယာဉ်ပေါ်တွင် တပ်ဆင်ထားသော လေဆာစကင်နာကို အသုံးပြုပြီး ရိုက်ကူးထားသော သုံးဖက်မြင်ရုပ်လုံးကြွပုံများ စသည်တို့ကို မိမိအသုံးပြုနယ်ပယ်အလိုက် သရုပ်ခွဲဆန်းစစ်အသုံးချရန်အတွက် Basic Remote Sensing System သင်တန်းကို ဇူလိုင် ၁၆၊ ၁၇၊ ၂၃နှင့် ၂၄ ရက်(စနေ၊ တနင်္ဂနွေ)များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် e-Learning Center အဆောင်(၁) အခန်း(၄)၌ ရက်သတ္တနှစ်ပတ်(သင်တန်းကာလ ၄ ရက်)ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO)များမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများအတွက် သင်တန်းကြေး ၂၀ ရာခိုင်နှုန်း လျှော့၍ လက်ခံသွားမည်ဖြစ်ရာ Mynamar Credent Technology အဆောင်(၁) အခန်း(၇) မြန်မာအင်ဖိုတက်ခ် ဖုန်း- ၆၅၂၂၈၅နှင့် ၆၅၂၂၈၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး သင်တန်းသားဦးရေ ၂၀ သာ လက်ခံသင်ကြားမည်ဖြစ်သည်။တက်ရောက်လိုသူများသည် ဇူလိုင် ၁၅ ရက်နောက်ဆုံးထားပြီး မှတ်ပုံတင်ရန်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကျင်းပစဉ်။
(သတင်းစဉ်)

ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁) ပထမနေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၇

ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မွန်ပြည်နယ်လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မွန်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၃၁ ဦး ရှိသည့်အနက် အားလုံးတက်ရောက်သည့်အတွက် ရာနှုန်းပြည့် တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ မွန်ပြည်နယ်ဝန်ကြီးဌာနများ ပြင်ဆင်ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ပြင်ဆင်ဖွဲ့စည်းသည့် ပြည်နယ်ဝန်ကြီးဌာနများမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန၊ စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် လူမှုရေးဝန်ကြီးဌာနတို့ ဖြစ်သည်။

ထို့နောက် ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁)ပထမနေ့ကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဇူလိုင် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က) ဦးစိန်ဝင်း	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း စွမ်းအင်ဝန်ကြီးဌာန
(ခ) ဦးခိုင်အောင်	ညွှန်ကြားရေးမှူးချုပ် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန သာသနာရေးဝန်ကြီးဌာန

သံအမတ်ကြီး ဦးတင်ဦးအား

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဇူလိုင် ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဦးအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၇-၂၀၁၁ (သောကြာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဩယလေးဖြာကူးမြောက်ပါ" တရားတော် [အရှင်ဥတ္တရ (ကျိုက်ဒေးယျံဆရာတော်)]
- ၆း၄၅ ဖူးမည်အမှန်. . . ထူးမည်ဧကန်. . . မာရ်ငါးမာရ်
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၅၈)**
- ၇း၁၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (ဇာတ်သိမ်းပိုင်း)**
- ၈း၅၀ 7 Diamonds Live Show (Part-5)
- ၉း၄၅ Movie Talk (ဒါရိုက်တာ ကြည်စိုးထွန်း၊ ဒေါ်သင်းသင်းလှဲ)(အပိုင်း-၂)
- ၁၀း၁၀ သားတော်များစေတီတော် ထီးတော်တင်လှူပွဲတော်
- ၁၀း၂၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒါရိုက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၀း၄၀ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာသာသနာ နုဂ္ဂဟအသင်းနှင့်တွေ့ဆုံခြင်း
- ၁၀း၅၅ ရန်ကုန်မြင်ကွင်းကျယ် [ခုနစ်နှစ်ပြည့် **MRTV-4** ကုသိုလ်အလှူ (မြိုင်သီလရှင်စာသင်တိုက်)]
- ၁၁း၁၅ ဒီပဲယင်းမြို့နယ်အသင်း(ရန်ကုန်)၏ ထပ်ဆင့်ချီးကျူးဂုဏ်ပြုပွဲ
- ၁၁း၃၀ ရန်ကုန်မြင်ကွင်းကျယ် (Ps Business School ၏ Press Summer School 2011 Closing CereMony)
- ၁၁း၅၀ ဦးခိုက်ပူဇော် လှူဒါန်းကြစေသော် ဘူမိဖဿသက္ကပူဇာရုပ်ပွားတော်နှင့် ရှင်စောမြတ်စေတီတော်
- ၁၂း၁၅ သာသနာ့အမွေခံယူရှင်ပြုအလှူ
- ၁၂း၂၅ မိုးစက်ချစ်သူကျောင်းပေါင်းစုံ ကလေးသီချင်းဆိုပြိုင်ပွဲ
- ၁၂း၄၅ ကြည်ညိုဖွယ် ပါဒသမိုင်းဝင် ရှေးဟောင်း ကျိုက်သာမည် (ယခု ကျိုက္ခမီ)စေတီတော်
- ၁း၀၀ "ဩယလေးဖြာကူးမြောက်ပါ" တရားတော် [အရှင်ဥတ္တရ (ကျိုက်ဒေးယျံဆရာတော်)]
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၅၈)**
- ၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (ဇာတ်သိမ်းပိုင်း)**
- ၅း၀၀ တက္ကသိုလ်ဝင်တန်းသင်ခန်းစာ Open Courseware Myanmar (ဓာတုဗေဒ) (အပိုင်း-၁)
- ၅း၂၀ The Champion of Dance
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၅၉)**
- ၇း၁၀ 7 Diamonds Live Show (Part-6)
- ၈း၀၀ MRTV-4 သတင်း
- ၈း၂၀ ပုသိမ်မြို့ ပါတလိအမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ပေးအပ်လှူဒါန်းပွဲ
- ၈း၄၀ **VJ Choice**
- ၉း၀၅ အနုပညာမိုးကောင်းကင်
- ၉း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၁)**
- ၁၀း၂၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာတစ်ယောက်ရဲ့ခံစားမှု) (အပိုင်း-၂)
- ၁၀း၄၅ ချစ်ခင်ဖွယ်စိတ်ထားများနှင့် မြစ်သားမြို့သူ မြို့သားများ
- ၁၀း၅၅ ဂီတသရုပ်ပြခန်း (မင်းထက်မောင်မောင်ရဲ့ 'ဖွင့်ပြောပြီ'တေးစီးရီး)
- ၁၁း၁၅ စိုက်ပျိုးဖို့လွယ်ကူစေတာ ကောက်ရိုးမှိုပါ
- ၁၁း၃၀ တက္ကသိုလ်ဝင်တန်းသင်ခန်းစာ Open Courseware Myanmar (ဓာတုဗေဒ)(အပိုင်း-၂)
- ၁၁း၄၅ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (အီကလဲယားမုန့်လုပ်နည်း)
- ၁၂း၀၅ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်-မင်းမော်ကွန်းနှင့် တွေ့ဆုံခြင်း)
- ၁၂း၃၀ Living on Water
- ၁း၁၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (အိမ်အလှဆင်ပစ္စည်းများပြုလုပ်ပုံ)
- ၁း၃၀ World of Knowledge (ULtimate Disaster: TORNADO)
- ၂း၂၀ ရေဆန်စီးတဲ့မြစ်
- ၂း၅၀ စဉ်ဆက်မပြတ်ထိန်းသိမ်းစရာ မြန်မာ့ရိုးရာဂီတပညာ
- ၃း၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၀၅ မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားခြင်း
- ၄း၂၀ သာသနာတော်ထွန်းကား အလှတရားဖြာဝေထားဝယ်မြေ
- ၄း၄၅ သာသနာပျိုးခင်း
- ၅း၀၀ အစီအစဉ်ပြီး။

ပုဂံဟိုတယ်ဇုန် ဟိုတယ်လုပ်ငန်းရှင်များအသင်းက ဦးဆောင်၍ ပုဂံမြို့၌ ဟိုတယ်ဘာသာရပ်ဆိုင်ရာ သင်တန်းလေးမျိုး ဖွင့်လှစ်မည်

နေပြည်တော် ဇူလိုင် ၇

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ကြီးကြပ်၍ ပုဂံဟိုတယ်ဇုန် ဟိုတယ်လုပ်ငန်းရှင်များအသင်းက ဦးဆောင်ဖွင့်လှစ်မည့် ဟိုတယ်ဘာသာရပ်ဆိုင်ရာ သင်တန်းလေးမျိုးအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၄ ရက် နံနက် ၉ နာရီတွင် ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်ခန်းမ၌ ကျင်းပရာ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ပုဂံဟိုတယ်ဇုန် ဟိုတယ်လုပ်ငန်းရှင်များအသင်း အမှုဆောင်အဖွဲ့ဝင်များ၊ ဟိုတယ်များမှ တာဝန်ရှိသူများ စုစုပေါင်း ၆၀ ခန့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးဆောင်ညွှန်ကြားရေးမှူးက ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအနေဖြင့် အာဆီယံနိုင်ငံများက သတ်မှတ်ထားသော ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှု စံချိန်စံညွှန်းများနှင့်အညီ သင်ရိုးညွှန်းတမ်းများကို ပုဂ္ဂလိက သင်တန်းကျောင်းများ၌ တစ်ပြေးညီ သင်ကြားပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး အာဆီယံနိုင်ငံများအတွင်း ဝန်ဆောင်မှုလုပ်ငန်းများ၌ ဝင်ရောက်လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ သင်ကြားပေးလျက်ရှိကြောင်း၊ ယင်းသင်တန်းလေးမျိုးကို နေပြည်တော်၌ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ၏ အထင်ကရဒေသတစ်ခုဖြစ်သည့် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၌ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပုဂံဟိုတယ်ဇုန် ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ကိုယ်စား အတွင်းရေးမှူး ဦးဇော်ဝိတ်က ဟိုတယ်သင်တန်းလေးမျိုး ဖွင့်လှစ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဟိုတယ်လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်များအပေါ် ဦးဆောင်ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်း ပြောကြားကာ သင်တန်းဖွင့်လှစ်မည့် ဟိုတယ်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ကျောက်ဆည်အသင်း (ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ၊ စာပေဆုရနှင့် ပညာရည်ချွန်ဆုရ ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၇

ဒသမအကြိမ်မြောက် ကျောက်ဆည်အသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲနှင့် စာပေဆုရနှင့် ပညာရည်ချွန်ဆုရ ဂုဏ်ပြုဆုပေးပွဲကို ဇူလိုင် ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျောက်ဆည်အသင်းခန်းမ အနောက်ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းထောင့် ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ကျောက်ဆည်နွယ်ဖွားရန်ကုန်ရောက် ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး နယ်သားအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းနှင့် ဂုဏ်ထူးရ သားသမီးများစာရင်းကို အသင်းရုံး ဖုန်း-၀၁-၅၅၂၇၃၆ သို့ ဆက်သွယ်ပေးပို့နိုင်သည်။

(ကြေးမုံ)

ဝက်လက်မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများသို့ ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ စာအုပ်၊ စာစောင်များ လှူဒါန်း

နေပြည်တော် ဇူလိုင် ၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် တပ်ရွာကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ သတင်းစာ၊ စာစောင်များ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် အဆိုပါ တပ်ရွာကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်က ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ဂျာနယ်၊ သတင်းစာ၊ မဂ္ဂဇင်း၊ စာစောင်များကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းပြီး ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများထံ ထောက်ပံ့ငွေများ ပေးအပ်သည်။

အလားတူ ယင်းနေ့တွင် ဖိုဝင်းတပ်ကျေးရွာ၊ ဆားတောင်နီကျေးရွာ၊ ရုန်းပင်ကုန်းကျေးရွာ၊ ပိတောက်ခြုံကျေးရွာနှင့် ဝက်လက်မြို့ပေါ် အခြေခံပညာမူလတန်းကျောင်းများသို့ လည်းကောင်း၊ ဇွန် ၂၃ ရက်တွင် စွယ်ကွေ့ကျေးရွာ၊ မူးကျိုးကျေးရွာ၊ မူးကမ်းလေးကျေးရွာ၊ အရာတော်မြို့နယ် ဘောင်းကျကျေးရွာ၊ ဝက်လက်မြို့နယ် မြင်းသီကျေးရွာ၊ သားနားကျေးရွာ၊ ရွှေအိုးရကျေးရွာ၊ နဘဲလှကျေးရွာနှင့် ဗီဇကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းများသို့ လည်းကောင်း၊ ဇွန် ၂၄ ရက်တွင် မုံရွာမြို့နယ် ရောင်တော်ထုံးကျေးရွာနှင့် သာစည်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းများသို့ လည်းကောင်း၊ ဇွန် ၂၅ ရက်တွင် စစ်ကိုင်းမြို့နယ် မာလဲတောကျေးရွာ၊ ကျော်ဇေယျာကျေးရွာ၊ အုန္နဲပင်ကျေးရွာ၊ ရေတွင်းကောင်းကျေးရွာနှင့် ခက်ခကျေးရွာ အခြေခံပညာမူလတန်းကျောင်းများသို့ လည်းကောင်း ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများ၊ သတင်းစာ၊ စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အပြင် ဝက်လက်မြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်းများမှ နွမ်းပါးသော ကျောင်းသား၊ ကျောင်းသူကလေးများအားလည်း ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

အားကစားဝန်ကြီးဌာန တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုချီးမြှင့်

နေပြည်တော် ဇူလိုင် ၇

အားကစားဝန်ကြီးဌာန ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အားကစားဝန်ကြီးဌာန ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဂုဏ်ပြုချီးမြှင့်ပေးရခြင်းရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ခြောက်ဘာသာဂုဏ်ထူးရှင် မသိမ့်လဲ့ရည်ကို၊ ငါးဘာသာ ဂုဏ်ထူးရှင်များဖြစ်ကြသော မောင်ကျော်စိုးထက်နှင့် မနန်းကြည်ဖြူခင်၊ လေးဘာသာဂုဏ်ထူးရှင်များ ဖြစ်ကြသော မမေဘရဏီလွင်အောင်နှင့် မောင်မြတ်သာဟိန်းတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက သုံးဘာသာ ဂုဏ်ထူးရှင် သုံးဦးနှင့် နှစ်ဘာသာဂုဏ်ထူးရှင် သုံးဦးတို့အား လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က တစ်ဘာသာ ဂုဏ်ထူးရှင် ငါးဦးတို့အားလည်းကောင်း ဆုများ ပေးအပ်ခဲ့ကြသည်။

(သတင်းစဉ်)

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ခြောက်ဘာသာဂုဏ်ထူးရှင် မသိမ့်လဲ့ရည်ကိုအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၈-၇-၂၀၁၁ (သောကြာနေ့)
[၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း(၈) ရက်၊ ဥပုသ်နေ့]

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၁၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၃၀ ၈။ "ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ"
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၀၅ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၂၅ ၄။ နှောင်းခေတ်တေးပဒေသာ
- ၄:၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (အိမ်တွင်းစီးပွားအထူးပြု) (အိမ်တွင်းစီးပွား)
- ၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၇။ မြန်မာစာ မြန်မာစကား
- ၅:၁၅ ၈။ တေးဂီတအစီအစဉ်
- ၅:၃၀ ၉။ ရိုးသားဖြူစင်ကလေးတို့အသွင်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ရသစုံလင်အင်တာနက်ဥယျာဉ်
- ၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြဲကြဲဖန်ဖန်အမွေဆိုင်" (အပိုင်း-၈)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ လျှပ်တစ်ပြက်ဟာသများ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှောင်ကြိုး" (အပိုင်း-၁၂)**
- ၁၉။ သီချင်းချစ်သူ (အထူးအစီအစဉ်) (အပိုင်း-၆)
- ၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၁။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝေဝေသာ နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအား ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)မှ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms.Nabuko Horibe နှင့် ဌာနေကိုယ်စားလှယ် Mr. Mohamed Abdel-Ahadတို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နဝဒေးတံတား(ပြည်) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

နေပြည်တော် ဇူလိုင် ၇

ဧရာဝတီမြစ်ကူး နဝဒေးတံတား(ပြည်)ရေလမ်းကြောင်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၆)နှင့် (၇)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၅)နှင့် (၆)အကြားမှလည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေများကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေစီးနှုန်းနှင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇွန် ၃၀ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၅)နှင့်(၆) အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၄)နှင့် (၅)အကြားမှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်ထားသည်။

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်၏အထက် ၁၇ မီတာ ရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့မြင် အစိမ်းရောင်တြိဂံ အမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားသည်။ မဝင်ရမည့်ရေလမ်းတွင် အနီရောင် ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားသည်။

တံတားတိုင်များ၏ အောက်ခြေ ပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်(၂)ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့အား UNFPA မှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝေဝေသာနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များအား ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) မှ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Nabuko Horibe နှင့် ဌာနေကိုယ်စားလှယ် Mr. Mohamed Abdel- Ahad တို့သည် ဇူလိုင် ၅ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

ယင်းသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒေါက်တာမင်းကိုကိုက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် UNFPA တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံချက်များအကြောင်းကို ရှင်းလင်းပြောကြားကာ ဧည့်သည်တော်များနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ရင်းနှီးခင်မင်စွာ ဆွေးနွေးညှိနှိုင်းကြသည်။

ယင်းနောက် ဧည့်သည်အဖွဲ့သည် ခန်းမအတွင်းပြသထားသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား မြိတ်၌ ကျင်းပ

မြိတ် ဇူလိုင် ၇

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ ရက်တွင် ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရွှေညာမောင်က မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုထံမှ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။ **(အောက်ပုံ)**

ယင်းနောက် မြိတ်အထွေထွေ ရောဂါကုဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီး ဒေါက်တာဦးညွန့်မောင်က မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ အကြောင်းကိုလည်းကောင်း၊ မြိတ်ခရိုင် ဥပဒေအရာရှိ ဦးဝင်းမြင့်က မူးယစ်ဆေးဝါးနှင့် ဥပဒေများအကြောင်းကို လည်းကောင်း၊ မြိတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမောင်မောင်ညီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး သိကောင်းစရာများကိုလည်းကောင်း အသီးသီး ဆွေးနွေးဟောပြောခဲ့ကြသည်။

(ခရိုင်ပြန်/ဆက်)

ယောနယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၇

ယောနယ်အသင်း(ရန်ကုန်)၏ (၂၆) ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ် စေတီတော်ဝင်းအတွင်း ယောနယ်အသင်း(ရန်ကုန်)၏ သတ္တာဒေဝမနုဿာနံဓမ္မာရုံသစ်ကြီး၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးအေးမောင် ဖုန်း-၇၃၀၂၆၃၆၆၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြ ဖုန်း-၃၈၆ ၄၄၇နှင့် အတွင်းရေးမှူး ဦးသာလှ ဖုန်း-၃၈၀၄၄၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ယောနယ်သူ၊ ယောနယ်သားများ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

ICRC အဖွဲ့ ဘားအံနှင့် မြောင်းမြအကျဉ်းထောင်တို့၌ ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းလေ့လာ

နေပြည်တော် ဇူလိုင် ၇

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနနှင့် ICRC ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ICRC လေ့လာရေးအဖွဲ့သည် ဇူလိုင် ၂ ရက်တွင် ဘားအံ အကျဉ်းထောင်သို့ ဆက်လက်ကွင်းဆင်းလေ့လာကြသည်။ ICRC မှ Water and habitat Engineer ဆွစ်ဇာလန်နိုင်ငံသား Mr.Eric Weissen နှင့် ကွင်းဆင်းအရာရှိနှစ်ဦးတို့အား အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများက အကျဉ်းထောင်အတွင်း ရေနှင့် မိလ္လာစနစ်ဆိုင်ရာ အခြေအနေများကို လိုက်လံရှင်းလင်းပြသခဲ့သည်။

အဆိုပါ ICRC လေ့လာရေးအဖွဲ့သည် ဇူလိုင် ၃ ရက်တွင် ဘားအံ အကျဉ်းထောင်၌ လက်ရှိအသုံးပြုလျက်ရှိသောရေလှောင်တမံတွင် ရေသိုလှောင်ထားရှိမှုအခြေအနေ၊ မြေနေရာ အနိမ့်အမြင့်တိုင်းတာခြင်းနှင့် ရေစစ်ကန် တည်ဆောက်မည့် အခြေအနေတို့ကို ကြည့်ရှုလေ့လာပြီး ရေ၊ မိလ္လာစနစ်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးကြသည်။

အလားတူ ၎င်းလေ့လာရေးအဖွဲ့သည် ဇူလိုင် ၅ ရက်တွင် မြောင်းမြ အကျဉ်းထောင်အတွင်း ရေဖြန့်ဝေလျက်ရှိသည့် ရေစက်ကြီး၊ အမှတ်(၂)နှင့် အမှတ်(၃) အိပ်ဆောင်၊ အမျိုးသမီးဆောင်၊ အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃) သီးခြားတိုက်များရှိ ရေကန်များ၊ မိလ္လာခန်းများ၊ မီးဖိုကြီးနေရာများသို့ လှည့်လည်ကြည့်ရှု လေ့လာကြရာ အကျဉ်းဦးစီးဌာန (ဧရာဝတီတိုင်းဒေသကြီး)ညွှန်ကြားရေးမှူး ဦးတင်ထွန်းနှင့် တာဝန်ရှိသူများက ရေရရှိမှု၊ သုံးစွဲမှုနှင့် မိလ္လာစနစ် အခြေအနေတို့ကို လိုက်လံရှင်းလင်းပြသခဲ့သည်။

ICRC မှ Water and habitat Engineer ဆွစ်ဇာလန်နိုင်ငံသား Mr. Eric Weissen နှင့် ကွင်းဆင်းအရာရှိ နှစ်ဦးတို့ မြောင်းမြအကျဉ်းထောင်ရှိ အမျိုးသမီးဆောင် ရေတွင်းကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ICRC အဖွဲ့အနေဖြင့် မြောင်းမြ၊ ဘားအံနှင့်မော်လမြိုင် အကျဉ်းထောင်သုံးခု၌ ရေ၊ မိလ္လာစနစ်နှင့် နေရောင်ခြည် စွမ်းအင်သုံး ရေတင်သည့်စနစ်များ ပြုပြင်ဆောင်ရွက်ခြင်း လုပ်ငန်းများကို လာမည့်စက်တင်ဘာတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်း လုပ်ငန်းများ အဆင်ပြေပါက ရေ၊ မိလ္လာစနစ် ပံ့ပိုးမှုလိုအပ်သော အခြားအကျဉ်းထောင်များတွင်လည်း နှစ်ဦးနှစ်ဖက် သဘောတူညီမှုဖြင့် တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

၂၀၁၁ ခုနှစ် ကမ္ဘာ့ဉာဏ်ရည်မမီသူများ နွေရာသီအားကစားပြိုင်ပွဲတွင် ရွှေငါးခု၊ ငွေသုံးခုနှင့် ကြေးခုနစ်ခုရရှိ

ရန်ကုန် ဇူလိုင် ၇

ဂရိနိုင်ငံ အေသင်မြို့၌ ဇွန် ၂၅ ရက်မှ ဇူလိုင် ၅ ရက်အထိ ကျင်းပသည့် ၂၀၁၁ခုနှစ် ကမ္ဘာ့ဉာဏ်ရည်မမီသူများ နွေရာသီအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမျိုးမြင့် ဦးဆောင်သော အဖွဲ့ဝင် ၁၈ ဦးပါ အောင်ပွဲရ မြန်မာ အားကစားအဖွဲ့သည် ဇူလိုင် ၅ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံမသန်စွမ်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မသန်စွမ်းသင်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် မိဘဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြသည်။(ယာပုံ)

ကမ္ဘာ့ဉာဏ်ရည်မမီသူများ နွေရာသီ အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်အားကစားနည်း၌ အလျားခုန် ပြိုင်ပွဲတွင် သိန်းထိုက်ထိုက်ကျော်က ရွှေတံဆိပ်တစ်ခုနှင့် မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ သီရိမာလာသိန်းက ၂၅ မီတာ အပြေးပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် မီတာ ၅၀ အပြေးပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ တက်တိုးအောင်က မီတာ ၁၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ အိမွန်ကျော်က မီတာ ၁၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ဟိန်းထက်(မန္တလေး)က ဘိုချီပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုနှင့် မီတာ ၁၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ ဟိန်းထက်(ရန်ကုန်)က အလျားခုန်ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခုနှင့် ဘိုဘိုသိန်းက သံလုံးပစ်ပြိုင်ပွဲတွင် စတုတ္ထဆုတို့ ရရှိကြကာ ပြေးခုန်ပစ်အားကစားနည်းမှ ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်လေးခုတို့ ရရှိကြသည်။

အမျိုးသား/အမျိုးသမီးတစ်ဦးချင်းနှင့် အသင်းလိုက်(ဘိုချီ)ပြိုင်ပွဲတို့တွင် အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ၌ ခိုင်ဇာသွယ်နှင့်မာလာနွယ်တို့အတွဲက ပထမ ရွှေတံဆိပ်တစ်ခု၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၌ မာလာနွယ်က ငွေတံဆိပ်တစ်ခု၊ အမျိုးသား/အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲ၌ ချမ်းသာ၊ ညီညီကျော်ထွန်း၊ ခိုင်ဇာသွယ်၊ မာလာနွယ်တို့အတွဲက ငွေတံဆိပ်တစ်ခု၊ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၌ ညီညီကျော်ထွန်းက ကြေးတံဆိပ်တစ်ခု၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ၌ ခိုင်ဇာသွယ်က ကြေးတံဆိပ်တစ်ခု၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် ညီညီကျော်ထွန်းနှင့်ချမ်းသာအတွဲက ကြေးတံဆိပ်တစ်ခုနှင့် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ချမ်းသာက စတုတ္ထဆုတို့ ရရှိကြကာ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့သည် စုစုပေါင်းရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်ခုနစ်ခုတို့ ရရှိခဲ့သည်။ (သတင်းစဉ်)

မြန်မာကရာတေးဒို လက်ရွေးစင်အမျိုးသားအသင်း (၁၀)ကြိမ်မြောက် အာရှအကြီးတန်း ကရာတေးဒိုပြိုင်ပွဲ ယှဉ်ပြိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်မည်

ရန်ကုန် ဇူလိုင် ၇

၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်သည် ဩဂုတ် ၁ ရက်မှစ၍ ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ပဏာမလက်ရွေးစင်အဖြစ် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး ခုနစ်ဦးတို့အား စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည်။

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ပဏာမလက်ရွေးစင်များ စခန်းသွင်းလေ့ကျင့်လျက်ရှိစဉ်။ (သတင်းစဉ်)

ဇူလိုင် ၁၆ ရက်မှ ၂၅ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Quanzhou ပြည်နယ် Fujian မြို့၌ ကျင်းပမည့် (၁၀)ကြိမ်မြောက် အာရှအကြီးတန်း ကရာတေးဒိုပြိုင်ပွဲတွင် အမျိုးသား အသင်းလိုက်(ခတ)နှင့် (ကုမိတဲ့)ပြိုင်ပွဲများ၌ မင်းဟိန်းခန့်ကလည်းကောင်း၊ အသင်းလိုက်(ခတ)၊ တစ်ဦးချင်း (ကုမိတဲ့)နှင့် ၅၅ ကီလိုအောက် အသင်းလိုက်(ကုမိတဲ့) ပြိုင်ပွဲများ၌ အောင်ခန့်ကလည်းကောင်း၊ တစ်ဦးချင်း(ခတ) ပြိုင်ပွဲ၊ အသင်းလိုက်(ခတ)နှင့် အသင်းလိုက် (ကုမိတဲ့)ပြိုင်ပွဲများ၌ ကျော်ကျော်ထွန်းက လည်းကောင်း၊ ကီလို ၆၀ နှင့်အောက် တစ်ဦးချင်း (ကုမိတဲ့)နှင့် အသင်းလိုက် (ကုမိတဲ့)ပြိုင်ပွဲများ၌ အောင်ပြည့်က လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံကရာတေးဒို အဖွဲ့ချုပ်မှ ဒိုင်လူကြီးများဖြစ်ကြသော ဦးဇော်မြင့်၊ ဦးမြင့်အောင်၊ ဦးထွန်းဇော်၊ ဦးစောမင်းနိုင်နှင့် ဦးအောင်ထင်ကျော် တို့သည် ဒိုင်လူကြီးစာမေးပွဲအသစ် ဖြေဆိုရန်နှင့် ဒိုင်သက်တမ်းတိုးရန် သွားရောက်ကြမည်ဖြစ်သည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲတွင် အိုလံပစ်မယ်(အကြီးတန်း)ပြိုင်ပွဲတွင် ပထမဆုရရှိသော မငုဝါခိုင်အား ဆုယူအပြီး တွေ့ရစဉ်။

(ကာယဗလမောင်နှင့် ကာယအလှမယ်အဖွဲ့ချုပ်)

မြန်မာဂျူဒို လက်ရွေးစင်အမျိုးသမီးအသင်း ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဂျူဒိုဖိတ်ခေါ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဇူလိုင် ၇

၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်သည် ဇူလိုင် ၁ ရက်မှစ၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် အမျိုးသားရေကူးကန်ဝင်းအတွင်းရှိ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ အမျိုးသား လက်ရွေးစင် ၁၇ ဦးနှင့် အမျိုးသမီး လက်ရွေးစင် ၁၅ ဦးတို့အား စခန်းသွင်း လေ့ကျင့်လျက်ရှိသည်။

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် လက်ရွေးစင်များ စခန်းသွင်း လေ့ကျင့်လျက်ရှိစဉ်။ (သတင်းစဉ်)

ယှဉ်ပြိုင်ကြမည်

အမျိုးသမီးအားကစားသမားများအဖြစ် (-၄၅) ကီလိုတန်းမှ မစဲဝိုးလ်၊ (-၄၈) ကီလိုတန်းမှ မခင်ခင်စု၊ (-၅၂) ကီလိုတန်းမှ မသဥ္ဇာစိုး၊ (-၅၇) ကီလိုတန်းမှ မဇင်မီမီသန်း၊ (-၆၃) ကီလိုတန်းမှ မအိဖြူစင်၊ (-၇၀) ကီလိုတန်းမှ မသန္တာဝင်း၊ (-၇၈) ကီလိုတန်းမှ မအေးအေးအောင်နှင့် (+၇၈)ကီလိုတန်းမှ မခင်မျိုးသူတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် လက်ရွေးစင်အမျိုးသမီးအသင်းသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၁ ရက်အထိ ကျင်းပမည့် ထိုင်းအပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် ဂျူဒိုပြိုင်ပွဲသို့ ကစားသမားရှစ်ဦးနှင့် နည်းပြ/အုပ်ချုပ်သူ လေးဦးတို့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ (သတင်းစဉ်)

အမျိုးသမီးကမ္ဘာ့ဖလား အုပ်စုပွဲစဉ်များပြီးဆုံး ဘရာဇီးနှင့် ဆွီဒင်တို့ နိုင်ပွဲရပြီး ကွာတားဖိုင်နယ်တက်

ဘာလင် ဇူလိုင် ၇

အမျိုးသမီးကမ္ဘာ့ဖလား အုပ်စု(C)နှင့် အုပ်စု(D) နောက်ဆုံးပွဲစဉ်များကို ယမန်နေ့က ကျင်းပခဲ့ရာ ဘရာဇီး၊ ဆွီဒင်နှင့် ဩစတြေးလျတို့ နိုင်ပွဲအသီးသီးရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီ ဖြစ်သည်။

အုပ်စု(C)

အုပ်စု(C)၏ နောက်ဆုံးပွဲစဉ်များတွင် ဆွီဒင်က အမေရိကန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး မြောက်ကိုရီးယားနှင့် ကိုလံဘီယာတို့ပွဲမှာ ဂိုးမရှိသရေကျခဲ့သည်။ ဤအုပ်စုတွင် ဆွီဒင်က ကိုးမှတ်ဖြင့် အုပ်စုပထမ၊ အမေရိကန်က ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရကာ ကွာတားဖိုင်နယ်သို့ တက်နိုင်ခဲ့သည်။ မြောက်ကိုရီးယားနှင့် ကိုလံဘီယာတို့မှာ အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ဘရာဇီးအတွက် ဦးဆောင်ဂိုးသွင်းပေးခဲ့သည့် အဲရက်ကာ ဂိုးသွင်းပြီး အောင်ပွဲခံစဉ်။

အုပ်စု(D)

အုပ်စု(D)၏ နောက်ဆုံးပွဲစဉ်များတွင် ဘရာဇီးက အီကွေတိုရီရယ်ဂီနီယာကို သုံးဂိုး-ဂိုးမရှိ၊ ဩစတြေးလျက နော်ဝေကို နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် အသီးသီးအနိုင်ရရှိသွားသည်။ ထို့ကြောင့် ဤအုပ်စုတွင် ဘရာဇီးက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ ဩစတြေးလျက ခြောက်မှတ်ဖြင့် ဒုတိယရကာ နောက်တစ်ဆင့်တက်နိုင်ခဲ့သည်။ နော်ဝေနှင့် အီကွေတိုရီရယ်ဂီနီယာတို့မှာမူ အုပ်စုကပင် လှည့်ပြန်ခဲ့ရပြီဖြစ်သည်။

ကွာတားဖိုင်နယ် တတိယပွဲစဉ်အဖြစ် ဇူလိုင် ၁၀ ရက်(တနင်္ဂနွေနေ့)ညနေ ၅း၃၀ နာရီတွင် ဆွီဒင်နှင့် ဩစတြေးလျ၊ စတုတ္ထပွဲစဉ်အဖြစ် ည ၁၀ နာရီတွင် ဘရာဇီးနှင့် အမေရိကန်တို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **ESPN**

ဟန်သစ် အိုရှီးယား ဆန်းဒါးလန်းသို့ ပြောင်းမည်

လန်ဒန် ဇူလိုင် ၇



ဆန်းဒါးလန်းနှင့် ဆေးစစ်မှုခံယူခဲ့သည့် ဂျွန်အိုရှီးယား။

မန်ယူအသင်း၏ နောက်ခံကစားသမား ဂျွန်အိုရှီးယားသည် ဆန်းဒါးလန်းသို့ ပြောင်းရွှေ့နိုင်ရေးအတွက် ဆေးစစ်မှုများ ခံယူလျက်ရှိကြောင်း သိရသည်။

မန်ယူနောက်တန်းတွင် ဖေဘီယိုဒါ ဆေးလ်ဗားနှင့် ရာဖေးလ်ဒါဆေးလ်ဗားတို့ ဘရာဇီးညီနောင်ရှိနေ၍ အိုရှီးယားမှာ ပုံမှန်ပွဲထွက်ခွင့် ပျောက်ဆုံးနေခဲ့ရသည်။ ထို့ကြောင့် မန်ယူကို စွန့်ခွာရန် ပြင်ဆင်နေသည့် အိုရှီးယားသည် ဆန်းဒါးလန်းအသင်း၏ ကမ်းလှမ်းမှုကို လက်ခံခဲ့ခြင်းဖြစ်သည်။

ဆန်းဒါးလန်းနည်းပြ စတီဘရုစ်က အိုရှီးယားကို ခေါ်ယူစာချုပ်ရန် ရည်မှန်းထားပြီး ပြောင်းရွှေ့ကြေးမှာ ပေါင် ၁၂ သန်း ဖြစ်ဖွယ်ရှိသည်ဟု သိရသည်။ **The Sun**

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ဆက်လက်ကျင်းပ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ စိတ်ဝင်တစားလေ့လာဝယ်ယူ

နေပြည်တော် ဇူလိုင် ၇

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှ စတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် ဇရိယာအလိုက် ခင်းကျင်းပြသထားသည့် အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများအား လေ့လာကြည့်ရှုမှတ်သားကြပြီး နှစ်သက်ရာအလိုက် ရွေးချယ်၍ တင်ဒါပုံးများအတွင်းသို့ အဆိုပြုလွှာများ ထည့်သွင်းကြသည်။

ယနေ့တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲများကို ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၂၅၇၀ ရောင်းချရသည်။

ထို့အပြင် ပြန်ကြားရေး၊ ဆက်သွယ်ရေး၊ ကျန်းမာရေးနှင့် အခြားသော ဆပ်ကော်မတီများ အနေဖြင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

လှိုင်မြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော မဟာဓာတ်အားလိုင်း ကြိုးဆွဲလုပ်ငန်းဆောင်ရွက်နေ

နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားစဉ်ဆက်မပြတ်ရရှိနေရေးသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေသည်။

သို့ဖြစ်၍ ဓာတ်အားစဉ်ဆက်မပြတ်ရရှိရန်အတွက် မဟာဓာတ်အားလိုင်းများ၊ ပင်မဓာတ်အားခွဲရုံများ တည်ဆောက်ရပေမည်။ မဟာဓာတ်အားလိုင်းကြီးများ တည်ဆောက်ရာတွင် တောတောင်နှင့် မြစ်ချောင်းများကိုလည်း ကျော်ဖြတ်သွယ်တန်း၍ တည်ဆောက်ရပေသည်။ ယခုအခါ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)က ရန်ကုန်မြို့တောင်ဘက်ပိုင်းနေ ပြည်သူများအတွက် လျှပ်စစ်ဓာတ်အား

တွေ့ဆုံမေးမြန်း-ခရမ်းစိုးမြင့် ➤ ဓာတ်ပုံ-ကျော်မိုးလွင်

ပြည့်ဝစွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားရရှိနိုင်ရေးအတွက် ၂၃၀ ကေဗွီ လှိုင်သာယာ-အလုံမဟာဓာတ်အားလိုင်း(လှိုင်မြစ်ကျော်) ကြိုးဆွဲလုပ်ငန်းများဆောင်ရွက်နေသည်ဟု ကြားသိရ၍ ကျွန်တော်တို့ ကြေးမုံသတင်းအဖွဲ့သည် အလုံဘက်ကမ်းနှင့် ဆိပ်ကြီးဘက်ကမ်းနှစ်ခုစလုံးကို ကြီးကြပ်ဆောင်ရွက်နေသည့် စီမံကိန်းညွှန်ကြားရေးမှူး ဦးတင်မောင်ဝင်းအား တွေ့ဆုံမေးမြန်းခဲ့ရာ-

မေး။ ။ လှိုင်မြစ်ကျော်ပြီး ကြိုးဆွဲလုပ်ငန်း ဆောင်ရွက်နေခြင်း ရည်ရွယ်ချက်ကို သိပါရစေ။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❒

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၇ - ၇ - ၂၀၁၁

ဖားကန့်	၄	ဒသမ	၁၃	လက်မ
ကျောက်ဖြူ	၃	ဒသမ	၃၈	လက်မ
သိမ်ဇရပ်	၃	ဒသမ	၀၃	လက်မ
ဘီးလင်း	၂	ဒသမ	၉၉	လက်မ
စစ်တွေ	၂	ဒသမ	၆၈	လက်မ
မအူပင်	၂	ဒသမ	၆၀	လက်မ